ကြေးမုံ
The Mirror

၁၃၆၇ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့၊ (5-10-2005)(၄၇၃၉)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်း ရှင်းလင်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။
(ယာဝုံ နှင့် အောက်ပုံ) (သတင်းစဉ်)

ရဲရွာရေအားလျှပ်စစ်စီမံကိန်းကဲ့သို့ ပြည်သူ့အကျိုးပြု စီမံကိန်းကြီးများ တည်ဆောက်ရာ၌ ပြည်တွင်းထွက်ကုန်ပစ္စည်းများကို ဖြစ်နိုင်သမျှသုံးစွဲ၍ အဆင့်အတန်းရှိရှိ တည်ဆောက်

ကိုယ်ပိုင်အတတ်ပညာစွမ်းအားနှင့် ကိုယ်ပိုင်သယံဇာတကို စနစ်တကျ ပေါင်းစပ်အသုံးပြုပြီး စီမံကိန်းများ တိုးချဲ့တည်ဆောက်နိုင်သည်နှင့်အမျှ တိုင်းပြည်အတွက် ပိုမိုအကျိုးဖြစ်ထွန်းမည်

ရန်ကုန် အောက်တိုဘာ ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ အောက်တိုဘာ ၂ ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် မန္တလေးတိုင်း မိုးကုတ်မြို့သို့ ရောက်ရှိကြရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မိုး၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဟန်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မိုးကုတ်မြို့ ဧည့်ရိပ်သာ၌ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် တာဝန်ရှိသူများအား မိုးကုတ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို မှာကြားသည်။ ထိုအချိန်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် **စာမျက်နှာ ၂၀ ကော်လံ ၁ သို့** ☆

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၅-၁၀-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာနှင့်အညီ ဆရာများအား ထာဝရလေးစားကုဏ်ပြု

ကမ္ဘာနိုင်ငံအသီးသီးတွင် အောက်တိုဘာလ ၅ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်၍ လူ့အဖွဲ့အစည်း တိုးတက်ကြီးပွားရေးအတွက် အဓိကအခန်းကဏ္ဍက ပါဝင်စွမ်းဆောင်နေကြသည့် ဆရာများကို အလေးအမြတ်ပြုရန် ဂုဏ်ပြုအခမ်းအနားများ ကျင်းပလျက်ရှိကြသည်။

မြန်မာနိုင်ငံသည် ကမ္ဘာ့မိသားစုဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ဆရာများနေ့သို့ရောက်ရှိတိုင်း ဆရာများနေ့ ဟောပြောပွဲများ၊ စာတမ်းဖတ်ပွဲများ ကျင်းပခြင်း၊ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါးပြိုင်ပွဲဆုရသူများအား ဆုချီးမြှင့်ခြင်းတို့ဖြင့် စည်ကားသိုက်ဖြိုက်စွာ အခမ်းအနားများ ကျင်းပဂုဏ်ပြုလျက်ရှိကြသည်။

ပူစာပူစေနေယျာနံ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သော မင်္ဂလာဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုအစဉ်အလာတွင် ဆရာသည် အနန္တသာနန္တ ဂုဏ်ကျေးဇူးရှင်များဖြစ်ပေရာ ဆရာ၊ ဆရာမများအား တပည့်များက မမေ့မလျော့ လေးစားဂုဏ်ပြုသည့်အနေဖြင့် အာစရိယ ပူဇော်ကန်တော့ပွဲများ ကျင်းပလာသည်မှာ ရှေးကာလကတည်းကပင် ဖြစ်သည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် ဘာသာတရား ကိုးကွယ်မှုနှင့် ယဉ်ကျေးမှုတို့အရ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာတို့သည် ကျေးဇူးတရားကြီးမားလှသည့် **အနန္တောအနန္တဇါးပါး** ဟူ၍ ခိုင်မိုင် မာမာသတ်မှတ်ခံယူထားသည်။ **အနန္တောအနန္တဇါးပါး**ကို ရိုသေ လေးစားစွာ အစဉ်ဂါရဝပြု အလေးအမြတ်ထားကြသည်။

မြန်မာမှုနယ်ပယ်တွင် **ပုဗ္ဗာစရိယ မိနှင့်ဘာ** ဆိုရိုးစကားနှင့်အညီ မိဘတို့သည် သားသမီးများ၏ လက်ဦးဆရာဖြစ်သည်။ ကလေးသူငယ်များ၏ ပထမအဆင့်ဖြစ်သည့် လူမှုရေးနှင့် ယဉ်ကျေးမှုကို မိဘများက သင်ကြားပေးကြသည်။ ဒုတိယအဆင့်အနေဖြင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် အသိပညာ၊ အတတ်ပညာများကို ဆရာ၊ ဆရာမများက ကျောင်းသား၊ ကျောင်းသူ လူငယ်များအား ဆက်လက် သင်ကြားပို့ချပေးကြသည်။

လက်ဦးဆရာများဖြစ်ကြသော အမိနှင့်အဘတို့က သား၊ သမီးတို့အား မကောင်းမှုမပြုရန် တားမြစ်ခြင်း၊ ကောင်းမှုကောင်းရာပြုရန် လမ်းညွှန်ပြသခြင်းတို့ဖြင့် အသိပညာပေးကြသည်။

ဆရာ၊ ဆရာမတို့ကမူ မိမိတို့၏ တပည့်များအား အသိပညာ၊ အတတ်ပညာ၊ နည်းပညာတို့ကို ကျွမ်းကျင်တက်မြောက်စေရန် မခြွင်းမချန် အကုန်အစင် သင်ကြားပေးကြသည်။ ဘေးရန်အန္တရာယ် အသွယ်သွယ်တို့မှလည်း ကာကွယ်စောင့်ရှောက်ပေးကြသည်။ တပည့်တို့အား ပါရမီ၊ အထုံဝါသနာ၊ စိတ်ဝင်စားမှုတို့နှင့်အညီ သင့်တင့်လျောက်ပတ်သည့် အတတ်ပညာများ သင်ယူတတ်မြောက်နိုင်စေရန် ကျောင်း၊ တက္ကသိုလ်၊ သင်တန်းများ၌ ပညာပေးလေ့ကျင့်ပြုစုပျိုးထောင်ပေးကြသည်။

ထိုမျှမက ဆရာ၊ ဆရာမများက တပည့်၊ ကျောင်းသူ၊ ကျောင်းသားတစ်ဦးချင်းစီ ကာယ၊ ဥာဏ၊ စာရိတ္တ၊ ရာဒ၊ သက်မွေးဘက်စုံဖွံ့ဖြိုး တိုးတက်စေရေးအတွက် အစဉ်ရှေးရှု၍ သင်ကြားပြုစုပျိုးထောင်ပေးကြသည်။ ကျောင်းသူ၊ ကျောင်းသား လူငယ်များအား နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ မြဲမြံခိုင်မာလာစေရေးအတွက် သင်ကြားပို့ချပေးကြသည်။ ပညာရေး၊ လူမှုရေးလုပ်ငန်းများတွင် လက်တွေ့ ပါဝင်ဆောင်ရွက်စေခြင်းတို့ဖြင့် အသိပညာများ ဖြည့်ဆည်းလေ့ကျင့်ပေးကြသည်။

ထို့ကြောင့် ဆရာ၊ ဆရာမများသည် မိမိတို့၏ဘဝတစ်လျှောက် လုံး၌ စေတနာ၊ ဝါသနာ၊ အနစ်နာတို့ကို အရင်းအနှီးပြု၍ တပည့်များ၏ အနာဂတ်ထွန်းလင်းတောက်ပနေရေးအတွက် ပညာအလင်း ရောင်ထွန်းညှိပေးကြသူများဖြစ်သည်။ လူငယ်များအား ဘဝရှေ့ဆောင် လမ်းပြကြသူများ ဖြစ်သည်။

ဤသို့ဖြင့် မြန်မာလူ့အဖွဲ့အစည်းတွင် လူတစ်ဦးကို ကျောင်းနေစ ကလေးအရွယ်မှသည် ကျောင်းပညာရပ်များ ပြီးမြောက်အောင်မြင်သွား သည့်အရွယ်အထိ စာပေပညာ သင်ကြားပို့ချပေးခဲ့သော ဆရာများ၏ စေတနာနှင့် ကြည်ညို လေးစားဖွယ်ရာဂုဏ်ရည်သည် ကျောင်းသူ၊ ကျောင်းသားတိုင်း၏ ရင်ထဲနှလုံးထဲတွင် ထာဝစဉ်စွဲထင်လျက် ရှိနေကြသည်။

သို့ဖြစ်ရာ ဆရာ၊ ဆရာမများသည် တပည့်ကျောင်းသူ၊ ကျောင်းသားလူငယ်များအား ဘဝတွင် တိုးတက်အောင်မြင်စေရေး အတွက် အသိပညာ၊ အတတ်ပညာများဖြင့် သင်ကြားပို့ချပေးလျက် ရှိသူ ကျေးဇူးရှင်များဖြစ်ပေရာ မြန်မာ့ယဉ်ကျေးမှု ထုံးတမ်းအစဉ် အလာနှင့်အညီ ဆရာများအား ထာဝရ လေးစားဂုဏ်ပြုနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ခရိုင် တရားရုံးအား ရှေ့မူမမျက်မြန်လည်တည်ဆောက်ပွင့်လှစ်ခြင်းအခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၄

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင်တရားရုံးအား ရှေ့မူမပျက် ပြန်လည်တည်ဆောက်ဖွင့်လှစ်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၉ ရက် ၉ နာရီတွင် အဆိုပါအဆောက်အအုံ၌ကျင်းပရာ အခမ်းအနားသို့ ပဲခူးတိုင်းဒေသနာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်း)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တရားသူကြီးများတက်ရောက်ကြသည်။

ဖွင့်လှစ်

အစီအစဉ်အရ ပဲခူးတိုင်းဒေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်းက အဆောက်အအုံကို ဖင်ကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ထို့နောက် ပဲခူးတိုင်း(အနောက်ပိုင်း) တရားသူကြီး ဦးစိန်လင်းက တိုင်းအတွင်း တရားစီရင်ရေး ဆိုင်ရာ အား ရှေးမူမပျက် ပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးခဲ့၍ ဂုဏ်ယူ ဝမ်းမြောက်ကြောင်းနှင့် တရားစီရင်ရေးအပိုင်းတွင် ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန်ဖြင့် တရားစီရင်ရေးမဏ္ဍိုင် တည်မတ် မှန်ကန်အောင် ကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှောကြားကာ ခရိုင် တရားရုံးအဆောက်အအုံကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ပြင်သန်နိုင်ငံ ပါရီမြို့ ထေရုပါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်ပြောက်ရေးအတွက် ရန်ကုန်မြို့ အလုံမြို့နယ် ပထမ သီရိမိုဃ်သာနေဦးတင်မောင်ဝင်း–ဒေါ်တင်တင်ဝင်း၊ သမီး ခိုင်ဇောဝင်း၊ ချောစုဝင်း၊ သား အောင်ကိုကို မိသားစုတို့က ငွေကျပ် ၁၁၂၃၃ ကို ဘဏ္ဍာရေးမှူး ဦးဌေးဖြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကိုးထပ်ကြီးဘုရား မဟာနဝဂ်အလှူတော် ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်မြို့ ကိုးထပ်ကြီးဘုရား နဝဂုဏဇုန္ဓမာမက သာသနာပြုပါရမီရှင်များအသင်း၏ (၂၃)နှစ်မြောက် ဝါတွင်းအဓိဋ္ဌာန်အောင်ပွဲ၊ မဟာနဝဂ်အလှူတော်ကို အောက်တိုဘာ ၁၇ ရက် သီတင်းကျွတ်လပြည့် (အဘိမွှာအခါတော်နေ့)တွင် ကျင်းပမည်ဖြစ်ရာ လပြည့်နေ့အရုဏ်တက်တွင် လယ်တီမဟာသရဏဂုံတော်ကြီး ဓမ္မပူဇာအဖြစ် ရွတ်ဖတ်ပူဇော်ကာ ဘုရားရှင်အား ရွှေသင်္ကန်း၊ ဆွမ်းတော်ကြီး၊ ပန်းရေချမ်းများ ဆက်ကပ်လှူဒါန်းပြီး ပရိသတ်များအား သင်္ကလွတ် စတုဒိသာ ကျွေးမွေးမည်ဖြစ်သည်။

ထို့အပြင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ကိုးထပ်ကြီးဘုရားတန်ဆောင်း၌ တားကရာတို့ကို ကျောင်းပေါင်း ၃၈ ကျောင်းမှ သံဃာတော်အပေါ်း ၉၀ အား ဆွမ်းဆန်စိမ်း လောင်းလှူ မည်ဖြစ်ရာ အလှူရှင်များ ကြွရောက်ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

မိုးကုတ်ဝိပဿနာ ၁၀ရက်တရားစခန်း

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်တိုင်း သဃ်နံးကျန်းမြို့နယ် သုဝဏ္ဏမြို့ ကောက်ကျင်လမ်း မိုးကုတ် ဝိပဿနာအဖွဲ့ခွဲ(၄၈) ဓမ္မရိပ်သာတွင် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ (၄၃)နှစ်မြောက် ခန္ဓာဝန်ချ အထိမ်းအမှတ် ဓမ္မပူဇာ ၁၀ရက် တရားစခန်းပွဲကို သီတင်းကျွတ်လဆန်း ၁၀ ရက်မှ လပြည့်ကျော်၄ရက်အထိ မဟာကထိန်ပွဲနှင့်အတူ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကမ္မဋ္ဌာန စရိယ အောင်ငြိမ်းချမ်း ဆရာတော် အရှင်အဂ္ဂသာရ(မြောစရိယ)နှင့် ဆရာဦးသန့်ဇင်(အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။ (က–ပ)

ဖြန့်ဝေသည့် ဂျာနယ်များ

ဂျာနယ်အမည်	ဖြန့်ဝေသည့်နေ့
ကြေးမုံ	နေ့စဉ်
ကြေးမုံ(ရန်ကုန်)	နေ့စဉ်
ကြေးမုံ(မန္တလေး)	နေ့စဉ်
ကြေးမုံ(ပဲခူး)	နေ့စဉ်
ကြေးမုံ(ပုသိမ်)	နေ့စဉ်
ကြေးမုံ(ဘားအံ)	နေ့စဉ်
ကြေးမုံ(ပုသိမ်)	နေ့စဉ်
ကြေးမုံ(ဘားအံ)	နေ့စဉ်
ကြေးမုံ(ပုသိမ်)	နေ့စဉ်
ကြေးမုံ(ဘားအံ)	နေ့စဉ်

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်စာပေတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုမှတ်တမ်း
၇း၃၀ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်ရွေးပြဟန်ကိုတသံ
၄း၂၀ ၅။ ရင်မှာခွဲလမ်းတော်ဝင်ပန်း
၄း၃၀ ၆။ မျိုးချစ်ဝတ်ပဓတော်
၄း၄၀ ၇။ ကျန်းမာကြွခိုင်ဒိုနိုင်ငံ
၄း၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၀၀ ၉။ **အဝေးသင်တက္ကသိုလ် ပညာရေးပို့ချမှုအစီအစဉ် – The Utility Approach to Consumer Behaviour. (ဒုတိယနှစ်စီးပွားရေး ပညာအထူးပြု)**
၅း၃၀ ၁၀။ မြဝတီနိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၁။ သာယာသင်ကြားရေးဝန်ဆန်းတား
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ နိုင်ငံတကာသတင်း

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅–၁၀–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

၆း၂၀ ၁၄။ မိုးလေဝသသတင်း
၆း၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၆။ လျှပ်တစ်ပြက်မိုက်ချက်
၇း၀၀ ၁၇။ ရွာနဲ့လင်ရုပ်မြင်စာတိုလမ်း "ကြာပြာချစ်သူ" (အပိုင်း–၂၄)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ မြိုဆီဒီ ကျော်ကြားစေးများ
၂၁။ ယနေ့ညအတွက်မြဝတီ၏ စားလေးကဏ္ဍောင်
၂၂။ **ရွာနဲ့လင်ရုပ်မြင်စာတိုလမ်း "တရားရှင်" (အပိုင်း–၁၇)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

❍ နိဒါန်း

အခမ်းအနားသို့ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း(အငြိမ်စား) နှင့်ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဝင်များ၊ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ်/တိုင်း၊ခရိုင် စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်းစည်းရုံးရေးကော်မတီဝင်များ၊ သင်တန်းကျောင်းအုပ်ကြီး၊ သင်တန်းမှူး၊ သင်တန်းနည်းပြဆရာများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဝိုင်းဝန်းကြီးပမ်း

အခမ်းအနားတွင် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ကြီး၏ ရည်ရွယ်ချက်၊ ၂၀၀၅ခုနှစ် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံကချမှတ်သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် ဖွဲ့စည်းရေး၊ လေ့ကျင့်ပညာပေးရေး၊ စီးပွားရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေမှု၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် လုပ်ငန်းရပ်များအားလုံး အောင်မြင်ရေးအတွက် ကျရာကဏ္ဍက ညီညီညွတ်ညွတ် ဝိုင်းဝန်းကြီးပမ်းဆောင်ရွက်ကြရေးနှင့် စပ်လျဉ်း၍လည်းကောင်း အကျယ်တဝင့် ပြောကြားပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဖွင့်လှစ်

အလားတူ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်းအဆင့်မြင့် စည်းရုံးရေးသင်တန်း အမှတ်စဉ်(၇/၂၀၀၅)သင်တန်းဖွင့်ပွဲများကို မန္တလေးမြို့ ရေတဲခွဲနေတောင်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)နှင့် မကွေးမြို့ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်း(မကွေး)တို့၌လည်း သင်တန်းသား ၅၀၀ဖြင့် တစ်ချိန်တည်းဖွင့်လှစ်ကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်းအဆင့်မြင့်စည်းရုံးရေးသင်တန်း အမှတ်စဉ်(၇/၂၀၀၅) ဖွင့်ပွဲ အခမ်းအနားတွင် သင်တန်းသားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှု သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၄

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိလာပြီး ၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးရာ ပြပွဲဗဟို ကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

၂၀၀၅ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ အကြိုခင်းကျင်းပြသထားမှုများကို မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် ကြည့်ရှုစစ်ဆေးစဉ်။(သတင်းစဉ်)

ရှင်းလင်းပြသ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် မြန်မာ့ကျောက်မျက်ရတနာခန်းမ မြေညီထပ်ရှိ ကျောက်မျက်ရတနာ အရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီ အရောင်းဆိုင်များကို လည်းကောင်း၊ ခန်းမဝန်းကျင်ခြံခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်၊ အထည်ကျောက်၊ အသားကျောက်နှင့် အရိုင်းတုံးများကိုလည်းကောင်း၊ ခန်းမအပေါ်ထပ်ခြံခင်းကျင်းပြသထားသော ကျောက်မျက်ရတနာအတွဲများနှင့် ပုလဲရတနာအတွဲများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ ၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမြင့်သိန်း၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်၊ အတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များက ကြိုဆိုကြသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဌာန ကြီးကြပ်မှုအောက်ရှိ မြန်မာ့ရေနှံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတို့အနေဖြင့် ပြည်တွင်းပြည်ပမှ စက်အရန်ပစ္စည်းနှင့်စက်အစိတ်အပိုင်းများ ဝယ်ယူပြသ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးဌာန စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဌာနအသီးသီးက အသုံးပြုနေသော စက်ပစ္စည်း အစိတ်အပိုင်းများကို ခင်းကျင်းပြသပြီး စက်မှုပညာရှင်များ၊ ကျွမ်းကျင်သူများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးရန် အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာနနှင့် ယနေ့ခင်းကျင်းနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

တင်ပြဆွေးနွေး

အစည်းအဝေးတွင် ဗဟိုကော်မတီဝင်များနှင့် ဆပ်ကော်မတီများ ဖြစ်ကြသော ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ၊ စီမံရေးရာ၊ လုံခြုံရေးနှင့်ပြန်ကြားရေးဆပ်ကော်မတီတို့မှ တာဝန်ရှိသူများက ၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ခင်းကျင်းပြသမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအသီးသီးက စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် ၂၀၀၅ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန စက်အရန်ပစ္စည်းများ ပြည်တွင်းခွဲထုတ်လုပ်နိုင်ရေး ရှင်းလင်းပြသ

ရန်ကုန် အောက်တိုဘာ ၄

စွမ်းအင်ဝန်ကြီးဌာန စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်းခွဲထုတ်လုပ်နိုင်ရေး ရှင်းလင်းပြသသည့် အခမ်းအနားကို ယနေ့နံနက် စနှာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ရုံးအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊စက်မှုပညာရှင်များ၊ ကျွမ်းကျင်သူများ၊ စက်မှုလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးက နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ကြောင်း၊ ပြည်ပမှိုကုန်အစားထိုး စက်အရန်ပစ္စည်း၊ စက်အစိတ်အပိုင်းများကို ပြည်တွင်းခွဲထုတ်လုပ်သုံးစွဲနိုင်ပြီး ထိုမှတစ်ဆင့် စက်ပစ္စည်း အစိတ်အပိုင်းများကို ပြည်တွင်းခွဲထုတ်လုပ်၍ ပြည်ပသို့တင်ပို့နိုင်သည်အထိ ဆောင်ရွက်ကြရန် လမ်းညွှန်ထားကြောင်း၊ ယင်းလမ်းညွှန်ချက်နှင့်အညီ စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများကို ပြည်တွင်းခွဲကြီးပမ်း ထုတ်လုပ်နိုင်ရေးအတွက် ဝန်ကြီးဌာနအသီးသီးက အသုံးပြုနေသော စက်ပစ္စည်း အစိတ်အပိုင်းများကို ခင်းကျင်းပြသပြီး စက်မှုပညာရှင်များ၊ ကျွမ်းကျင်သူများ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးရန် အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာနနှင့် ယနေ့ခင်းကျင်း

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး စွမ်းအင်ဝန်ကြီးဌာန စက်အရန်ပစ္စည်းများနှင့် စက်အစိတ်အပိုင်းများ ပြည်တွင်းခွဲထုတ်လုပ်နိုင်ရေး ရှင်းလင်းပြသသည့် အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (စွမ်းအင်)

လက်တင်အမေရိကတွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမြင့်တက် ၂၀၀၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၆၈ ဘီလီယံရရှိ

မွန်တီဗီဒီယို အောက်တိုဘာ ၃

လက်တင်အမေရိကနိုင်ငံများသည် ၂၀၀၃ ခုနှစ်တွင် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(အက်ဖ်ဒီအိုင်) စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၈ဘီလီယံရရှိခဲ့ကြောင်း၊ ၂၀၀၃ ခုနှစ်ကထက် ၄၄ရာခိုင်နှုန်းမြင့်တက်လာကြောင်း ကုလသမဂ္ဂ ကုန်သွယ်ရေးနှင့် ဖွံ့ဖြိုးရေးကွန်ဖရင့်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

လက်တင် အမေရိကနိုင်ငံများအနက် ဘရာဇီးနှင့် မက္ကဆီကိုနိုင်ငံတို့သည် အက်ဖ်ဒီအိုင်အများဆုံး လက်ခံရရှိသည့် နိုင်ငံနှစ်နိုင်ငံဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံနှင့် ၁၇ ဘီလီယံ အသီးသီးရရှိသည်။ ယင်းဒွေကြေးပမာဏသည် ဒေသတွင်းရှိ အက်ဖ်ဒီအိုင်စုစုပေါင်း၏ ၅၁ ဒသမ ၄၇ ရာခိုင်နှုန်းရှိသည်။

ဒေသတွင်းမြှုပ်နှံ

ယင်းနှစ်နိုင်ငံသည် အခြားလက်တင် အမေရိက နိုင်ငံများတွင် အဓိက ရင်းနှီးမြှုပ်နှံကြသည်။ ၂၀၀၄ ခုနှစ်တွင် ဘရာဇီး တစ်နိုင်ငံတည်းက ဒေသတွင်း အက်ဖ်ဒီအိုင်စုစုပေါင်း၏ ၃၈ ဒသမ ၅၇ ရာခိုင်နှုန်းရရှိခဲ့ရာ ယင်းဒွေကြေးပမာဏသည် ဒေသတွင်း စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၈၆ ဒသမ ၃၆ ရာခိုင်နှုန်းရှိသည်။

တွေ့ရှိ

အရေးပါသော ရင်းနှီးမြှုပ်နှံမှုများကို ဘရာဇီးနိုင်ငံတွင် ရေနံကုမ္ပဏီများနှင့် သတ္တုကုမ္ပဏီများ၌ လည်းကောင်း၊ မက္ကဆီကိုနိုင်ငံတွင် ဘီလပ်မြေ ကုမ္ပဏီများနှင့် ဆက်သွယ်ရေးကုမ္ပဏီများ၌ လည်းကောင်း တွေ့ရှိရသည်။

အရှိန်ကောင်း

လက်တင်အမေရိက ဒေသအတွင်း သို့ အက်ဖ်ဒီအိုင်စီးဝင်မှုမှာ ၂၀၀၅ ခုနှစ်တွင် အရှိန်အဟုန်ကောင်းနေဦးမည်ဖြစ်ပြီး ကုန်ထုတ်ကိုယ်ပွားများ အဆင့်မြင့်တင်ရေးနှင့် ကုန်ထုတ်လုပ်ငန်းများ တိုးချဲ့ရေးအတွက် ခိုင်မာသော အခြေခံတစ်ရပ်ချမှတ်ပေးမည် ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံ ဖူကျင်ပြည်နယ် ဖူကျိုမြို့တွင် မုန်တိုင်းတိုက်ခတ်ပြီးနောက် လမ်းများရေမြုပ်နေသည်ကို အောက်တိုဘာ ၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ ကယ်ကွတ်မြို့တွင် လမ်းဘေးပုံးပေါက်ကွဲမှုကြောင့် မီးလောင်နေသော ကားတစ်စီးအား မီးငြိမ်းသတ်နေသည်ကို အောက်တိုဘာ ၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ် အထက်တန်းတာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအား လက်နက်ကိုင်များက ဘဂ္ဂဒက်တွင် ပစ်သတ်

ဘဂ္ဂဒက် အောက်တိုဘာ ၃

လက်နက်ကိုင်များက အီရတ်ပြည်သူ့လုပ်ငန်းဝန်ကြီးဌာနမှ အထက်တန်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးအား တနင်္ဂနွေနေ့တွင် ပစ်သတ်ခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။ လက်နက်ကိုင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများက အီရတ်အစိုးရရန်ထမ်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များအား ပစ်မှတ်ထားကာ လုပ်ကြံသတ်ဖြတ်သည့် လူပုရှားမှုတွင် ယင်းလုပ်ရပ်သည် နောက်ဆုံးလူပုရှားမှုဖြစ်သည်။

အီရတ် ပြည်သူ့လုပ်ငန်း ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်တစ်ဦးဖြစ်သည့် ဆက်ဖာမူသာမက်သည် ဘဂ္ဂဒက် အနောက်ပိုင်းခရိုင်ဖြစ်သည့် မန်ဆောဒေသတွင် သေနတ်ဖြင့် ပစ်သတ်ခံရသည်ဟု ပြည်ထဲရေး ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက အတည်ပြု ပြောကြားသည်။

ပြောက်ကျားများနှင့် ရာဇဝတ်ကျူးလွန်သူများက အီရတ်နိုင်ငံရှိ စီးပွားရေးလုပ် ငန်းရှင်များ၊ ဆရာဝန်များနှင့် အစိုးရအရာရှိကြီးများအား လွန်ခဲ့သည့် နှစ်အတွင်း ပစ်မှတ်ထားတိုက်ခိုက်ခဲ့ပြီး တစ်ခါတစ်ရံ ငင်းတို့အား ပြန်ပေးဆွဲ ခြိမ်းခြောက်၍ ငွေတောင်းခြင်း သို့တည်းမဟုတ် လူထုရှေ့မောက် သေနတ်ဖြင့် ပစ်သတ်ခြင်းတို့ ပြုလုပ်လေ့ရှိသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီစီရတ်ပြည်ထဲရေးဝန်ကြီးဌာနအနိုင်နိုင် ခိုန်ဖြောင်းကျည် ကျရောက်ဖေါ်ကိုကွဲ

ဘဂ္ဂဒက် အောက်တိုဘာ ၃

အီရတ်ပြည်ထဲရေး ဝန်ကြီးဌာနအနီး စိန်ဖြောင်းကျည်များ တနင်္ဂနွေနေ့က ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ သို့ရာတွင် လူသေဆုံးမှုမရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တိုက်ခိုက်

ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာဆန္ဒခံယူပွဲကို အောက်တိုဘာ ၁၅ ရက်တွင် မကျင်းပမီ အီရတ်ပြည်ထဲ ရေးဝန်ကြီးဌာနယန်ဂျ၏ ညီတော်စပ်သူ ပြန်ပေးဆွဲ ခံခဲ့ရပြီးနောက်စိန်ဖြောင်းကျည်များ ဖြင့် ဝန်ကြီးရုံး အဆောက်အအုံကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့ ကပြောကြားသည်။

ပြောက်ကျားများသည် အမေရိကန် ထောက်ခံ အားပေးသည့် အီရတ်အစိုးရအား ပြုတ်ကျစေရန်လှုပ်ရှားမှုတစ်ရပ် ပြုလုပ်နေသည်။ ရှီးယိုက်များအား သတ်ဖြတ်မှုအပေါ် အီရတ်ပြည်ထဲရေး ဝန်ကြီးဌာနက လျစ်လျူရှုထားသည်ဟု ဆွန်နီ ခုခံတိုက်ခိုက်ရေးသမားများက စွပ်စွဲပြောကြားနေကြသည်။

အမ်အင်အေ၊ရိုက်တာ။

ဒေတာဇ်အာမခံရိုကာတွင် ဒေတာမီး့များလောဇ်စီး့ပွားရေးသစ်တောနှင့် စားကျက်မြေများပါဝင်

ဂျိုဟန်နက်စ်ဘတ် အောက်တိုဘာ ၃

ပူပြင်းခြောက်သွေ့ပြီး လေထန်သော ရာသီအနေအထားကြောင့် တောင်အာဖရိကနိုင်ငံ၏ ခြောက်ပိုင်းဒေသတွင် ယခုသီတင်းပတ်အတွင်း နေရာပေါင်း ၂၀ ထက်မနည်း တောမီးများ လောင်လျက်ရှိကြောင်း သတင်းများက ဆိုသည်။

လတ်တလောအချိန်အထိ ၂၂ နေရာ၌ လောင်ကျွမ်းနေသော မီးများကို မီးသတ်သမားပေါင်း ၂၀ တို့က ပိုင်းဝန်းငြိမ်းသတ်လျက်ရှိကြသည်။ ထိုမီးလောင်မှုများကြောင့် အထိအခိုက်အသေအပျောက် စာရင်းတစ်စုံတစ်ရာ ရရှိခြင်းမရှိသေးပေ။ မီးလောင်မှု ဖြစ်ပွားသောနေရာများတွင် အမဲပူပါလန်ဂါ၊ ကဝါဇူးလူးနာတယ်၊ ကျဲတာန်နှင့် လင်ပိုမဲဒေသများ ပါဝင်ကြောင်း ဆာပါ (SAPA) သတင်းဌာနက အောက်တိုဘာ ၂ ရက်သတင်းတွင် ဖော်ပြခဲ့သည်။

ထိန်းသိမ်းရေးနယ်မြေများ၊ စီးပွားရေး သစ်တောများ၊ စားကျက်မြေများ၊ သစ်သီးခိုက်ခင်းနှင့် သစ်စက်တစ်စက်တို့မှာ မီးလောင်ကျွမ်းနေဆဲဖြစ်ကြောင်း တောင်အာဖရိကနိုင်ငံ အမျိုးသားမီးထိန်းသိမ်းရေး အစီအစဉ်မှ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဗာလ်ချာလ်တန်က ပြောကြားသည်။

ကဝါဇူးလူးနာတယ်ဒေသရှိ ကဝါအမဲဘိုရကျားရွာများဆီသို့ ကူးစက်မည့် မီးကို ဆက်လက်ကူးစက်ခြင်း မရှိစေရန် မီးသတ်ရဟတ်ယာဉ်များက အောက်တိုဘာ ၂ ရက်တွင် ထိန်းသိမ်းနိုင်ခဲ့ကြောင်း ချာလ်တန်က ဆက်လက်ပြောကြားသည်။ သို့ရာတွင် ကပ်ဆီဟုတ်ဒေသနှင့် ဂွိုက်ရေတမြစ်ဒေသရှိ အမဲပူနာလန်ဂါအရပ် တောမီးများမှာ ဆက်လက်လောင်ကျွမ်းဆဲဖြစ်ကြောင်း သိရသည်။ ဂျိုဟန်နက်စ္စဘတ်ရှိ စက်ရုံတစ်ရုံမှာ ပြင်းထန်စွာ မီးလောင်ကျွမ်းခဲ့သည့်အဖြစ်နှင့်ကြုံရရာ မီးသတ်သမားများက ကြိုးစားငြိမ်းသတ်သည့် အတွက် စက်ရုံအတွင်းပိုင်း မီးကို ထိန်းသိမ်းလိုက်နိုင်သည်။

သို့ရာတွင် လတ်တလော အခြေအနေတွင် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ခန့်မှန်းနိုင်ခြင်း မရှိသေးကြောင်း သိရသည်ဟု ဆာပါ သတင်းဌာနက ဖော်ပြသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်၌ သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၁၉၅၅ဦးရှိ

ဝါရှင်တန် အောက်တိုဘာ ၃

အီရတ်စစ်ပွဲစတင်ဖြစ်ပွားခဲ့သည်၌ ၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၅ခုနှစ် အောက်တိုဘာလ ၃ ရက်အထိ ကာလအတွင်း အီရတ်နိုင်ငံစစ်မြေပြင်တွင် သေဆုံးရသော ကန်တပ်ဖွဲ့ဝင် စုစုပေါင်းမှာ ၁၉၃၅ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာနစာရင်းအရ သိရသည်။

အထက်ပါဦးရေအနက် ၁၅၀၆ဦးတို့မှာ အီရတ်ခုခံဆန့်ကျင်သူများ၏ တိုက်ခိုက်မှုကြောင့် သေဆုံးရခြင်းဖြစ်သည်ဟု ကန်စစ်ဘက် ထုတ်ပြန်ချက်များက ဆိုသည်။ ထိုစာရင်းတွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားရသော အရပ်သားဝန်ထမ်းဝါဒီဘီးလည်း ပါဝင်သည်။ အေပီသတင်းဌာနက ဖော်ပြသော စာရင်းသည် ကန်စစ်ဘက်က ဖော်ပြသောစာရင်းထက် လေးဦး ပိုမိုများပြားသည်။

အမေရိကန်သမ္မတဘုရင်က ၂၀၀၃ ခုနှစ် မေ ၁ ရက်တွင် အီရတ်နိုင်ငံ၌ စစ်ပွဲကြီးများ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုကြေညာချက်ထွက်ပေါ်လာပြီးနောက်ပိုင်း ဆက်လက်ဖြစ်ပွားသော တိုက်ခိုက်မှုများအတွင်း သေဆုံးရသော ကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၁၇၉ဦးရှိကြောင်း အေပီသတင်းဌာန၏ ရေတွက်မှုများအရ သိရသည်။ ထိုစာရင်းတွင် ၁၃၉၇ဦးမှာ ခုခံဆန့်ကျင်ရေးသမားများ၏ တိုက်ခိုက်မှုများကြောင့် သေဆုံးရခြင်းဖြစ်သည်။

အင်တာနက်။

တရုတ်နိုင်ငံတွင် ကျောက်မီးသွေးတွင်းပေါက်ကွဲ မိုင်းလုပ်သား ၃၄ဦး အသက်ဆုံးရှုံး

ရှင်ကျို့ အောက်တိုဘာ ၄

တရုတ်နိုင်ငံအလယ်ပိုင်း ဟီနန်ပြည်နယ် ဟောဘိုမြို့ရှိ ကျောက်မီးသွေးမိုင်းတွင် အောက်တိုဘာ ၃ရက်က ပေါက်ကွဲမှုဖြစ်ပွားသည့်အတွက် မိုင်းလုပ်သား ၃၄ဦးထက်မနည်း သေဆုံးသွားကြောင်း သတင်းများ၌ဖော်ပြသည်။

- ပေါက်ကွဲ -

ဟီနန်ဟီဘီကျောက်မီးသွေးလုပ်ငန်းက ပိုင်ဆိုင်သော ကျောက်မီးသွေးတွင်း ၌ နံနက် ၇နာရီ၄၅မိနစ်တွင် မြေအောက်မှထွက်လာသည့် ဓာတ်ငွေ့များကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ အဆိုပါအဖြစ်အပျက်ကြောင့် အသက်ဆုံးရှုံးကြရသော မိုင်းလုပ်သား ၃၄ဦးတို့၏အလောင်းများကို မွန်းလွဲပိုင်းတွင် ရှာဖွေတွေ့ရှိခဲ့သည်။

- စုံစမ်း -

အခင်းဖြစ်ပွားရာနေရာသို့ ဒေသခံအထက်တန်းအရာရှိများရောက်ရှိလာပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်ခဲ့ကြသည်။ ပေါက်ကွဲရသည့် အကြောင်းရင်းကို ပြည့်ပြည့်စုံစုံ သိရှိနိုင်စေရန် စုံစမ်းနေဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အောက်တိုဘာ ၄ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်ဝေသန်း နှင့်စနီးတို့ ကိုရီးယားသမ္မတနိုင်ငံ နှစ်ပတ်လည် အမျိုးသားရေးနှင့် တပ်မတော်ရေးအထိမ်းအမှတ် ဧည့်ခံပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Ju-heum နှင့် စနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ထားဝယ်ဓမ္မရိပ်သာ မိုးကုတ်တရားစခန်းနှင့် ကထိန်သင်္ကန်း ကပ်လှူပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၄

ထားဝယ်မြို့ ဘုမ္မော်ရပ် ကျန်းမာရေးလမ်း မိုးကုတ်ဝိပဿနာတရားစဉ် နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ဖွဲ့ အမှတ် (၁၅)၏ ဓမ္မရိပ်သာတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ဦးသိန်းဝင်း (ဇလွန်)သည် သီတင်းကျွတ်လဆန်း ၉ရက်၊ အောက်တိုဘာ ၁၁ရက်မှ ၁၇ရက်အထိ ခန္ဓဥာဏ်ရောက် သစ္စာလေးပါးတရားတော်နှင့် ပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ကို ဟောကြားပြသမည်ဖြစ်ပြီး အောက်တိုဘာ ၁၈ရက် နံနက်ပိုင်းတွင် ဘုံကထိန်သင်္ကန်း ကပ်လှူပူဇော်မည်ဖြစ်ပါသည်။

အောက်တိုဘာ ၁၀ရက် နေ့ကဆုံးထား၍ မိုးကုတ်ဗိုလ်သာမွေ့ရဲကြီး၏ ရုံးခန်း ဖုန်း-၀၅၉-၂၂၂၇၆သို့ဆက်သွယ်စာရင်းပေးနိုင်ကြောင်းနှင့် ဘုံကထိန်တွင် သဒ္ဓါတတ်အားသမျှ ပါဝင်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ရှင်သာမဏေဓမ္မဗိမာန် တရားစခန်းကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၄

ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်း ရှင်သာမဏေ ဓမ္မဗိမာန်၌ ၁၄-အုံကြိမ် ဓမ္မရသရိပ်သာမှ ကမ္မဋ္ဌာန်းနည်းပြဆရာကြီး ဦးသန်းရွှေ (မဟာသဒ္ဓမ္မဇောတိကဓဇ) က ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏ မူလ ကျင့်စဉ်နှင့်အညီ အနာဂါမ်ဆရာသက်ကြီးနည်းအတိုင်း ခန္ဓဥာဏ်ရောက် ဝိပဿနာ အလုပ်ပေးတရားစခန်းကို အောက်တိုဘာ ရက်မှ ၁၄ရက်အထိ ညနေ ၅နာရီမှ ၆နာရီခွဲအတွင်း ဟောကြားပို့ချမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

အမှတ် (၁) စက်မှုဝန်ကြီး ဦးအောင်သောင်း ရန်ကုန်ပြန် ရှိ ခက်ခဲမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၄

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သိန်းထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်အတူ ယမန်နေ့ နံနက် ၇နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ မြန်မာ့ဇာတ္ထုန္ဒြေနှင့် ဓာတုဗေဒလုပ်ငန်း၏ သင်္ကော်ဆေးစက်ရုံ အဆင့်မြင့်တိုးချဲ့ဆောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိရာ စက်သစ်များတပ်ဆင်ပြီးစီးမှုနှင့် စက်များလည်ပတ်ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဝန်ကြီးက သင်္ကော်ဆေးထုတ်လုပ်ရာ၌ ထည့်ဝင်မှုအချိုးအဆ မှန်ကန်မှုသာ အရည်အသွေး ကောင်းမွန်မည်ဖြစ်ကြောင်း၊ လျာထားချက်များ ပြည့်မီကျော်လွန်ရန် ၂၄နာရီ စက်များ လည်ပတ်ထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်သွားရန်နှင့် အရည်အသွေးမီ သင်္ကော်ဆေးများကို ပြည်သူတို့ လက်ဝယ်သို့ သက်သာသော ဈေးနှုန်းဖြင့် ရောက်ရှိရေးအတွက် ဝင်းသူဇာ အရောင်းဆိုင်များ၊ ပြင်ပပုဂ္ဂလိက လုပ်ငန်းရှင်များက ဖြန်ဖြူးသွားကြရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယ ဝန်ကြီးနှင့် အဖွဲ့သည် နံနက် ၈နာရီခွဲတွင် မြောက်ဥက္ကလာပမြို့နယ် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပလတ်စတစ်စက်ရုံ အမှတ် (၁)သို့ ရောက်ရှိ၍ ပလတ်စတစ်အကြည် ထုတ်လုပ်မှု လုပ်ငန်းများကိုလည်း ကောင်း၊ ပလတ်စတစ်မှုံခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ပီနန်အိတ်များ ထုတ်လုပ်မှုလုပ်ငန်းများကို လည်း ကောင်း၊ ၅၀ကီလိုဝင် မြင်းခေါင်း ဘိလပ်မြေအိတ် ထုတ်လုပ်မှုလုပ်ငန်း များကို လည်းကောင်း ကြည့်ရှုစစ်ဆေး ကြရာ စက်ရုံမှူး ဒေါ်ခင်မော်မော်က ထုတ်လုပ်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ အထွေထွေမန်နေဂျာ ဦးတင်မောင်ဝင်းက စက် ၄၃လုံးမှ ဘိလပ်မြေအိတ် ထုတ်လုပ်မှုလုပ်ငန်း များနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီး၊ ဒုတိယ ဝန်ကြီးနှင့် အဖွဲ့သည် ဘိလပ်မြေ အိတ်ချုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယ ဝန်ကြီးနှင့် အဖွဲ့သည်နံနက် ၉နာရီခွဲ တွင် မြောက်ဥက္ကလာပမြို့နယ် မြန်မာ့ အထည်အလိပ်လုပ်ငန်း အထည်ချုပ် စက်ရုံ အမှတ် (၁၇)ရှိ ဝင်းသူဇာ အရောင်းဆိုင်သို့ ရောက်ရှိ၍ စက်မှု(၁) ထုတ်ကုန်ပစ္စည်းများ ရောင်းချမှု အခြေ အနေများကို ကြည့်ရှုစစ်ဆေးကြပြီး ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ကို မှာကြားသည်။

ထို့နောက် ဝန်ကြီး၊ ဒုတိယဝန်ကြီး နှင့် အဖွဲ့သည် အထည်ချုပ်စက်ရုံ အမှတ် (၁၇)သို့ ရောက်ရှိပြီး စက်အပို ပစ္စည်းများကိုလည်းကောင်း၊ ချုပ်ပြီး အဝတ်အထည်များကို လည်းကောင်း၊ အထည်ချုပ်ခြင်း လုပ်ငန်းများကိုလည်း ကောင်း ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ပလတ်စတစ်စက်ရုံ အမှတ်(၁)၏ ထုတ်လုပ်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု-၁)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့် ဝန်ထမ်းရေးရာဦးစီးဌာန ရှေ့ရတုအခမ်းအနား တက်ရောက်

ရန်ကုန် အောက်တိုဘာ ၄

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်နှင့် အဖွဲ့ဝင် ဝန်ထမ်းရေးရာဦးစီးဌာန တာဝန်ခံ ဦးအောင်မြင့်ဝင်း ဝန်ထမ်းရေးရာဦးစီးဌာနဆိုင် နှစ်(၅၀)ပြည့် ရှေ့ရတုအခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်၏ နှစ်(၅၀)ပြည့် ရှေ့ရတုအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် အဝေရလမ်းရှိ ဝန်ထမ်းရေးရာဦးစီးဌာနရုံး၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်၊ အဖွဲ့ဝင်များဖြစ် ကြသည့် ဦးညွှန့်ဆွေ၊ ဦးအောင်မြင့်နှင့် ဦးလှမြင့်ဦး၊ အဖွဲ့အောက်ရှိ ဦးစီးဌာနများနှင့် တက္ကသိုလ်များမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ၊ အငြိမ်းစား ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရုံးဦးစွာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်နှင့် အဖွဲ့ဝင် ဝန်ထမ်းရေးရာဦးစီးဌာန တာဝန်ခံ ဦးအောင်မြင့်တို့က ဖဲကြိုးဖြတ်၍ ဝန်ထမ်းရေးရာဦးစီးဌာန၏ နှစ်(၅၀)ပြည့် ရှေ့ရတုအခမ်းအနားကို ဖွင့်လှစ်ပေးကြပြီး ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်တို့က ရှေ့ရတုအထိမ်းအမှတ် ပြခန်းအတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရုံးခန်းမ၌ နှစ်(၅၀)ပြည့် ရှေ့ရတုအခမ်းအနားကို ကျင်းပရာ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်က အမှာစကားပြောကြားသည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့-အဖွဲ့ဝင် ဝန်ထမ်း ရေးရာဦးစီးဌာန တာဝန်ခံ ဦးအောင်မြင့်က အမှာစကားပြောကြားပြီး ဝန်ထမ်း ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှက နှုတ်ခွန်းဆက်စကား ပြောကြား၍ ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား) ဦးဘသန်းက ရှေ့ရတု ဂုဏ်ပြု အမှတ်တရစကားကို ပြောကြား သည်။

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် မြင်ဆရာပူဇော်

ရန်ကုန် အောက်တိုဘာ ၄

၂၀၀၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခြေခံပညာကဏ္ဍ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ အခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂နာရီတွင် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပရာ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်မျိုးဇင်းနှင့် ဇနီး ဒေါ်သခင်မွယ်တို့ တက်ရောက် ပူဇော်ကြသည်။

(သတင်းစဉ်)

ယင်းနောက် တာဝန်ရိုရှိုလိုများက သင်တန်း ထူးချွန်ဆုရ ဝန်ထမ်းများ၊ အနှစ် (၃၀)အထက် တာဝန်ကိုကျွပ်ခွန် စွာ ထမ်းဆောင်ကြသူ အရာထမ်း၊ အမှုထမ်းများနှင့် ခွင့်ခံစားမှုအနည်းဆုံး ဝန်ထမ်းများအား ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

ရင်ထဲက မြတ်ဆရာ

ဖောင်ဒင်မင် (ဓနုပြူ)

'ဆရာ' ဟူသော ဝေါဟာရကို မြန်မာစာအရေးအသား ခေတ်ဦးဟု ဆိုအပ်သော ၁၂ ရာစုကတည်းကပင် ပုဂံကျောက်စာ၊ မင်စာများ၌ တွေ့နေရပြီဖြစ်သည်။ **'ဆရာ'** ဝေါဟာရ၏ သက်တမ်းကား နှစ်ပေါင်း ၈၀၀ ကျော်ပေပြီ။ ထိုဝေါဟာရနှင့်အတူ မြန်မာတို့၏ ရင်ထဲနှလုံးထဲတွင် ဆရာဂုဏ်ကိုကြည်ညိုလေးစားသော စိတ်ဓာတ် ကိန်းအောင်းခဲ့သည်မှာလည်း အနည်းဆုံး ထိုဝေါဟာရ၏ သက်တမ်းတမျှ ကြာညောင်းခဲ့ပေသည်။

ပါဠိဘာသာတွင် **'အာစရိယ'** ဟူသော ဝေါဟာရရှိသည်။ သက္ကတဘာသာတွင်လည်း **'အာစရိယ'** နှင့် အဓိပ္ပာယ်တူသော **'အာစာရျ'** ဟူသည့် ဝေါဟာရရှိသည်။ ပုဂံခေတ်တွင် မြန်မာတို့က **'အာစာရျ'** ကို **'ဆရျာ'** ဟု မြန်မာမှုပြုလိုက်ကြသည်။ နောက်ပိုင်းတွင် ယပဒူမထည့်တော့ဘဲ **'ဆရာ'** ဟု သုံးခဲ့ကြသည်မှာ ယခုခေတ်တိုင်ဖြစ်သည်။ **'တပည့်တို့၏ အစီးအပွားကို ရှုးရှတတ်သူ'** ဟု အဓိပ္ပာယ်ရသည်။

မြန်မာ့လူ့အဖွဲ့အစည်းတွင် ဆရာဟူသော ဝေါဟာရနှင့် အတူ ကြည်ညိုလေးစားဖွယ် ဆရာဂုဏ်ရည်ကို ကျောင်းနေစအရွယ် ကတည်းက ကလေးငယ်များ၏ ရင်ထဲနှလုံးထဲမှာ စွဲထင်နေအောင် ပန္နက်ချပေးသည့် အစဉ်အလာ အခိုင်အမာရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ကျောင်းနေရွယ်ကလေးများကို ကျောင်းအပ်သည်ဆိုပါစို့။ **'လိမ္မာအောင် ဆုံးမပါဆရာ'** ဟု မိဘက မိမိ၏ကလေးကို ဆရာထံ ယုံကြည်စွာအပ်နှံသည်။ **'မလိမ္မာရင် ရိုက်နှက်ဆုံးမနိုင်ပါတယ်ဆရာ'** ဟူသော စကားပင်ပါသေးသည်။ ဆရာကလည်း မိမိထံအပ်နှံသော တပည့်ကလေးများကို သားသမီးများကဲ့သို့ သဘောထားကာ ချစ်ခင်ကြင်နာစွာ ဆက်ဆံသည်။ ပညာသင်ပေးသည်။ သူငယ်တန်းကလေးများကို မြန်မာစာသင်ပုန်းကြီး လက်ကလေးများ သင်ပေးရာ၌ ဆရာကို ချစ်စိတ်၊ ရိသေစိတ်ဝင်အောင် သိမ်မွေ့စွာ ဖန်တီးထားသည်။ ကျွန်တော်တို့ ငယ်ငယ်ကသင်ရသော **'က ကန်စွန်းပင် ရေမှာရှင်'** အစရှိသည့် သင်ပုန်းကြီးလက်ဝဲတွင် **'ဆ ဆရာကြီး ခေါင်းလောင်းတီး'** ဟူသော စာပိုဒ်ပါသည်။ သူ့ခေတ်နှင့်သူ ဆီလျော်သောစာပိုဒ်ဖြစ်သည်။ ထိုခေတ်က မူလတန်းဆရာများတွင် အသက်တော်တော်ကြီး နေဖြို့ဖြစ်သော ဆရာကြီးများ တော်တော်များများရှိသည်။ ကျောင်းတက်ကျောင်းဆင်းချိန်တွင် ခေါင်းလောင်းကို **' ဂလောင် ဂလောင်'** မြည်အောင် ကိုယ်တိုင်တီးလေ့ရှိသော ထိုဆရာကြီးများ၏ သွင်ပြင်သည် ကလေးများအဖို့ ချစ်ခင်လေးစားစရာ သွင်ပြင်ဖြစ်သည်။ ထိုလက်ဝဲကို အားပါးတရရွတ်ဆိုရင်း သူတို့၏ ဆရာကြီးကို ချစ်ခင် လေးစားစိတ်များ ရင်ထဲမှာစွဲမြဲသွားအောင် ထိုလက်ဝဲကလေးက သိမ်မွေ့စွာ ပန္နက်ချပေးသည်။ နောက်ပိုင်းတွင် ဖတ်စာအုပ်အသစ်ပြောင်းပြီး သင်ပုန်းကြီးလက်ဝဲအသစ်များ ရေးကြရာ၌လည်း **'ဆ ဆရာ ရှိသေပါ'** **'ဆ ဆရာမ ရှိသေကြ'** ဟူ၍ ရိသေအပ်သော ဆရာဂုဏ်ကို အလေးအနက်ဖော်ညွှန်းမြဲဖြစ်သည်။

တော်တော်ကလေး စာဖတ်တတ်ချိန်မှာ ဆရာက **'တပည့်ဝတ်၊ ဆရာဝတ်၊ မိဘဝတ်၊ သားသမီးဝတ်'** စသည်တို့ကိုဖွဲ့ထားသော ကဗျာကလေးများ သင်ပေးသည်။ တပည့်တစ်ယောက်အနေဖြင့် မိမိ ဆောင်ရွက်ရမည့်ဝတ္တရားကို ကလေးများ သိနားလည်အောင် ထိုကဗျာကလေးက အသိပညာပေးသည်။ **'ညီညာထကြ၊ ဆုံးမနာယူ'** စသော တပည့်ဝတ်များကို ရွတ်ဆိုရင်း ဆရာ့စကား နားထောင်ရမည်။ ဆရာဆုံးမသည်ကို နာယူရမည်ဟူသော အသိဝင်လာသည်။ ထိုအသိအတိုင်း ကျင့်သုံး တတ်လာသည်။ **'အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ'** စသော ဆရာဝတ်များကို သိနားလည်ပြီး ဆရာကို ရိသေလေးစားစိတ် တိုးပွားလာရသည်။

မြန်မာဖတ်စာအုပ်များထဲက ပုံဝတ္ထုကလေးများကလည်း ဆရာဂုဏ်ကို ပိုပြီးသိလာအောင် သိမ်မွေ့စွာ အသိပေးသည်။ တပည့်များကို ပညာဖြန့်ဖြူးသော တက္ကသိုလ်ပြည်က ဒိသာပါမောက္ခဆရာကြီးအကြောင်း မကြာခဏဖတ်ရသည်။ ဆရာကြီးကို အားကျစိတ်များ ပေါ်လာနိုင်သည်။ နှမ်းခင်းပိုင်ရှင်မသိဘဲ နှမ်းခိုးစားသောမင်းသားကို ရိုက်နှက်ဆုံးမသည့် ဆရာကြီး၏ မျက်နှာမလိုက်သော သဘောထားကို လေးစားစိတ် ဝင်လာသည်။ **'ဆရာကာပြန် အာခေါင်လှံစူး'** ပုံပြင်ကို ဖတ်ရသောအခါ တပည့်အနေနှင့် မိမိခံယူကျင့်သုံးရမည့် သဘောထားကို အလေးအနက် သဘောပေါက်လာသည်။

အတန်းကြီးလာပြီး စာများများဖတ်လာရသောအခါ ဆရာဂုဏ်ရည် ကျယ်ပြန့်မှုအတိုင်းအဆကို ပို၍သဘောပေါက်လာသည်။ အနန္တ ငါးပါး အကြောင်းသင်ရစဉ် ဘုရားဂုဏ်တော်ကိုးပါးတွင် သတ္တမမြောက်ဂုဏ်တော်ဖြစ်သော **'သတ္ထာဒေဝမနုဿနံ'** (လူနတ်ဗြဟ္မာတို့၏ ဆရာဖြစ်သော မြတ်စွာဘုရား) ဟူသည့် ဂုဏ်တော်က ဘုရားရှင်ကိုယ်တော်တိုင်ပင် ဆရာတစ်ဦးဖြစ်ကြောင်း ဖော်ညွှန်းနေပုံကို သိလာစေနိုင်သည်။ **'သန်းမြတ်စွာတို့ဆရာ'** ဟူသော အဖွဲ့ **'သုံးလူ့ဆရာ'** ဟူသော အဖွဲ့များကို တွေ့လာနိုင်သည်။ ထို့အတူ **'လက်ဦးဆရာ၊ မည်ထိုက်စွာသား၊ ပုဗ္ဗာစရိယ မိန္ဒင်္ဘာ'** ဟူသောအဖွဲ့ကို ဖတ်ရသောအခါ မိဘနှစ်ပါး သည်လည်း ဆရာဖြစ်ကြောင်း သတိပြုမိလာနိုင်သည်။ **'ဆရာတော်၊ သံဃာတော်'** **'တကာနှင့် ဆရာ'** ဟူသော အသုံးများကို တွေ့လာသော အခါ သံဃာသည်လည်း ဆရာဖြစ်ကြောင်း သတိပြုမိလာနိုင်သည်။ ဤသို့ဖြင့် **'ဘုရား၊ သံဃာ၊ မိဘ'** တို့သည်လည်း ဆရာ့ဂုဏ်ကို ဆောင်သည့်အတွက် ဆရာ့ဂုဏ်ရည်သည် အနန္တအနန္တ ငါးပါးလုံးကို လွှမ်းခြုံနေသည့် ဂုဏ်ရည်ဖြစ်ကြောင်း အလေးအနက် သဘောပေါက်လာနိုင်ပါသည်။

အတန်းစဉ်တစ်လျှောက် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှု၊ သင်ကြားပို့ချမှုများကို ခံယူခဲ့ရပြီးပါပြီ။ ဆရာ့စိတ်ထား၊ ဆရာ့ဂုဏ်၊ ဆရာ့ စေတနာတို့ကိုလည်း လက်တွေ့ကြုံတွေ့ခဲ့ပြီးပါပြီ။ တစ်ဖက်တွင်လည်း စာထဲပေထဲက ကြည်ညိုလေးစားဖွယ် ဆရာဂုဏ်ရည်များကို ဖတ်ရှု လေ့လာ၍ နားလည်သဘောပေါက်ခဲ့ပြီးပါပြီ။ အတန်းတစ်တန်းတွင် မြန်မာစာသင်ရစဉ် အရှင်သာဝိယုတ္တရာမထေရ်မြတ်ကြီး၏အကြောင်း လေ့လာရသောအခါ ဘုရားကလွဲလျှင် ပညာအကြီးဆုံးဟု ဧတဒဂ်ရသော ထိုအရှင်မြတ်ကြီးပင်လျှင် မိမိကိုဦးစွာ တရားစစ်တရားမှန်ဟောကြားသော ပဥ္စဝဂ္ဂိဝါဠီး အပါအဝင် အရှင်အသဇိကို ဆရာရင်း အဖြစ် တစ်သက်လုံး ကြည်ညိုလေးစားစွာကန်တော့ကြောင်း သိရပြီး ဆရာဂုဏ်ကို အဆုံးစွန်နားလည်သဘောပေါက်သည်နှင့်အမျှ ကြည်ညိုစိတ်မှာလည်း ရင်ထဲတွင်အခိုင်အမာ စွဲမြဲနေမည်ဖြစ်ပါသည်။ သို့ဖြင့် မြန်မာ့လူ့အဖွဲ့အစည်းတွင် လူတစ်ဦးကိုကျောင်းနေစ ကလေးအရွယ်မှ ကျောင်းပညာရပ်များ ပြီးမြောက်အောင်မြင်ပြီး ကျောင်းထွက်သွားသည့် အရွယ်အထိ ဆရာ၏ကြည်ညိုလေးစားဖွယ်ဂုဏ်ရည်များကို ရင်ထဲနှလုံးထဲတွင် စွဲထင်သွားအောင် ကိုယ်တွေ့အရလည်းကောင်း၊ စာတွေ့အရလည်းကောင်း အခိုင်အမာ ပန္နက်ချပေးသည့်အစဉ်အလာကို တွေ့နိုင်ပါသည်။

ထိုအစဉ်အလာကို လုပ်ငန်းခွင်ရောက်၍ အသက်အရွယ်ရသည် အထိ အမွန်အမြတ်ရင်ထဲမှာ သိမ်းဆည်းထားကြကြောင်း ယနေ့ခေတ်တွင် နေရာအနှံ့ ကျင်းပနေကြသော မြတ်ဆရာပူဇော်ပွဲများက သက်သေအထင်အရှားပြနေပါသည်။ ဘဝခရီးတွင် အံဝင်ခွင်ကျသော အခြေအနေနှင့် တွေ့ကြုံရလေလေ၊ လူတစ်လုံးသူတစ်လုံးဖြစ်အောင် ပညာသင်ပေးလိုက်သည့် ဆရာတို့၏ဂုဏ်ကို ပို၍နားလည်လေလေဖြစ်ပြီး **'ရင်ထဲက မြတ်ဆရာများ'** ကို တသသဖြစ်နေတတ်သည့် မြန်မာ့စိတ်ဓာတ်နှင့် မြန်မာ့အစဉ်အလာကား မြန်မာ့လူ့အဖွဲ့အစည်းတွင် အခိုင်အမာ ဆက်လက်တည်ရှိနေမည့် အစဉ်အလာကောင်းတစ်ရပ်ပင် ဖြစ်ပေသည်။ ။

မြန်မာ့လူ့အဖွဲ့အစည်းတွင် ဆရာဟူသော ဝေါဟာရနှင့်အတူ ကြည်ညိုလေးစားဖွယ် ဆရာ့ဂုဏ်ရည်ကို ကျောင်းနေစ အရွယ်ကတည်းက ကလေးငယ်များ၏ ရင်ထဲနှလုံးထဲမှာ စွဲထင်နေအောင် ပန္နက်ချပေးသည့် အစဉ်အလာ အခိုင်အမာရှိခဲ့ကြောင်း လေ့လာသိရှိရပါသည်။

ရုပ်ရှင်တော်မြတ်လေးဆူ ပူဇော်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၄

ရင်ွေ့လှူ အင်းလေးဖောင်တော်ဦး ရုပ်ရှင်ရုပ်ပွားတော်မြတ်များ (ရန်ကုန်) ပူဇော်ပွဲကို အောက်တိုဘာ ၃ ရက်က ရန်ကုန်မြို့ အမှတ် (၁၈၅/၁၈၇) မဟာဗန္ဓုလလမ်းနှင့် ၅၂ လမ်းထောင့်ရှိ စကျောင်းတော်တည်ရှိရာ ဗိမာန်တော်၌ ကျင်းပသည်။ **(အပေါ်ပုံ)** အောက်တိုဘာ ၃ ရက်မှ ၂၀ ရက်အထိ အပူဇော်ခံ လျက်ရှိကြောင်း သိရသည်။ (က-၀)

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်အသင်းညီလာခံကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၄

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း (ဗမဘို)က ကြီးမှူး၍ (၂၆)ကြိမ်မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း ညီလာခံ နှင့် 7th FDI - MDA Joint Educational Meeting ကို ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၅ရက်မှ ၂၈ရက်အထိ ရန်ကုန်မြို့၌ ကျင်းပ မည်ဖြစ်သည်။

အဆိုပါညီလာခံတွင် ပညာရပ်ဆိုင်ရာ စာတမ်းဖတ်ပွဲများ၊ သွားဘက်ဆိုင်ရာ ဆေးနှင့် ဆေးပစ္စည်းကိရိယာပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ သက်ကြီးပူဇော်ပွဲနှင့် ဗဟိုအလုပ်အမှုဆောင် ကော်မတီသစ် ရွေးချယ်တင်မြှောက်ပွဲကို ကျင်းပ မည်ဖြစ်သည်။ (သတင်းစဉ်)

လှူဒါန်း

ဦးအောင်ကျော်ကျော်၊ ဦးစိုင်းဆွေထိုက်နှင့် သူငယ်ချင်းများက ဗဟန်း မြို့နယ် စီဝီတဒါနသံဃာ့ဆေးရုံကြီး သို့ ထာဝရဆွေပဒေသာပင် ကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ် ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး (၁) ဦးသိန်းအောင် လက်ခံယူစဉ်။

(က-၀)

၁၇ ဝုံ (မြောက်ပိုင်း) မြို့နယ် (၃၅) ရပ်ကွက် ကန်သာယာ (၂)လမ်းနေ ကွယ်လွန်သူ မိခင်ကြီး ခေါ်လှယ့် (ညီမ) မလေးနယ်၊ ခင်ပွန်း ဦးမောင်ကျင်တို့အား ရည်စူး၍ ဓနီး ခေါ်မီမီး၊ သား ဆန်းနေလင်း၊ မျိုးနေမင်းထက်၊ သမီး ဝတ်ရည်မော် မိသားစုတို့က သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး အတွက် ငွေကျပ် တစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်ထံ ပေးအပ်လှူဒါန်းစဉ်။

(က-၀)

ကြေးမုံသတင်းစာ စာမျက်နှာ ၇

ပြည်တောင်တန်းတောရကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး လောင်းလှူပွဲကျင်းပ ဒုတိယပိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ကြည်ညိုရှိ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၄

ပြည်တောင်တန်း တောရကျောင်းများ ဆန်လှူအသင်းကြီးက ကြီးမှူးကျင်းပသည့် (၂၄)ကြိမ်မြောက် ပြည်တောင်တန်းတောရကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေးလောင်းလှူပွဲ အခမ်းအနားကို အောက်တိုဘာ ၂ရက် မွန်းလွဲ ၁နာရီတွင် ပဲခူးတိုင်း ပြည်ဖြို့ရှိ သီရိဧရာ သာသနာ့ဓမ္မိကာန်ဦးကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယပိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်ကြည်ညိုခဲ့၍ ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာ ကိစ္စရပ်များ လျှောက်ထားပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသဃ္ဃဝန်ဆောင် ဆရာတော်ကြီးများ၊ တိုင်းသဃ္ဃဝန်ဆောင် ဆရာတော်ကြီးများ၊ ဆန်လှူအသင်း နာယက ဆရာတော်များ၊ ထောရ်ကြီးဝါကြီး ဆရာတော်များ၊ သံဃဂုဝန်ဆောင် ဆရာတော်များနှင့် သာသနာ့ဓနယ်ဝင် သီလရှင်ဆရာကြီးများ၊ ဆရာလေးများ၊ ကြွရောက်တော်မူကြပြီး ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်း တိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း၊ အင်းမ တပ်နယ်မှ ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ သာသနာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ပြည်တောင်တန်း တောရကျောင်းများ ဆန်လှူအသင်းကြီးဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြည်ညိုကြသည်။

ကိုးပါးသီလခံယူ

ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ပြည်တောင်တန်း တောရကျောင်းများ ဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယ၊ ပြည်ဖြို့ စကားတောင်ကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇေအဘိဓေ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဝိလာသာစာရဃရဏမ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ကိုးပါး သီလခံယူ ဆောက်တည်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက (၂၄)ကြိမ်မြောက် ပြည်တောင်တန်း တောရကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး လောင်းလှူရခြင်းနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ ပြည်တောင်တန်း တောရကျောင်းများ ဆန်လှူအသင်းကြီး ဥက္ကဋ္ဌ ဦးပေါ်ရွှေက ဆန်လှူအသင်းကြီး၏ လုပ်ငန်းဆောင်ရွက်ချက်များကို တင်ပြလျှောက်ထားသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်လှမင်း၊ အင်းမ တပ်နယ်မှ ဗိုလ်မှူးချုပ် ခင်ဇော်ဦး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆန်လှူအသင်းဝင်များနှင့် အလှူရှင်များက ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များအား ဆွမ်းဆန်တော်နှင့် လူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်တောင်တန်း တောရကျောင်းများ ဆန်လှူအသင်းကြီး၏ ဩဝါဒါစရိယ ပြည်ဖြို့ဇောတိကာရုံ ပါဠိတတ္တသိုလ် ကျောင်းတိုက် ပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဇေ ဘဒ္ဒန္တ ကုဏ္ဍလ ဇောတိက အနုမောဒနာ တရားတော်ကို ဟောကြားချီးမြှင့်တော်မူပြီး ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုပို့အတွက် ရေစက်သွန်းချ အမျှပေးတော်မူသည်။ ဆက်လက်၍ ပြည်ဖြို့နယ် နိဗ္ဗိန္ဒ ဘာဂ သီလရှင်ဆရာလေးများက ဆုတောင်း မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်းက အခမ်း အနားအောင်မြင်ခြင်း အထိမ်းအမှတ် အဖြစ် ရတနာဆွဲမိုး၊ ငွေမိုးရွာသွန်းပေး သည်။

လှူဒါန်းမှုအစုစု

ပြည်တောင်တန်းတောရကျောင်းများ သို့ တပ်မတော်(ရေ)တိုင်းစစ်ဌာနချုပ်များ၊ ခြေမြန်တပ်မဌာနချုပ်များ၊ ဝန်ကြီး ဌာနများ၊ ဌာနဆိုင်ရာများ၊ ပဲခူးတိုင်း နှင့် တိုင်းအတွင်းရှိ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီများနှင့် စေတနာရှင်၊ အလှူရှင် များ၏ လှူဒါန်းမှုအစုစုတို့မှာ ဆွမ်းဆန် တော် ၂၁၀အိတ်၊ ဆီပိသာ ၂၇၀၊ ဆားပိသာ ၃၀၀၊ တိုင်းရင်းဆေး ၁၅၀၀ဘူးနှင့် အလှူတော်ငွေ စုစုပေါင်း ငွေကျပ် ၄၈၆၉၃၀၀ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးခင်မောင်သန်း ပြည်တောင်တန်း တောရကျောင်းများ ဆန်လှူအသင်းကြီးက ကြီးမှူးကျင်းပသည့် (၂၄)ကြိမ်မြောက် ပြည်တောင်တန်း တောရကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး လောင်းလှူပွဲအခမ်းအနား တွင် ဆရာတော်ထံ ဆွမ်းဆန်တော် ဆက်ကပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

နယ်စပ်/ စည်ပင်ဝန်ကြီးဌာနမိသားစု သံဃာတော်များ အား ဆွမ်း ဆက်ကပ်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင် သာယာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)မှ နာယကချုပ်ဆရာတော်အမျှဩဿော သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းသည့် အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစားဆောင်၌ကျင်းပသည်။

ဧရာဦးစွာ ပရိသတ်များက နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) နာယကချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ဓဝါစကပဏ္ဍိတ ဘဒ္ဒန္တ ပဒ္ဓိတာဘိဝံသဆံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ဝိုင်း၊ ဌာနဆိုင်ရာ အကြီးအကဲများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်)ရှိ သံဃာတော်များအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ တစ်နေ့တာ ဆွမ်း အလှူတော် ွေကျေပ် ၃၇၅၀၀ကို ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက ပေးအပ်လှူဒါန်းရာ သာသနာတော်ထွန်းကား ပြန့်ပွားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်က လက်ခံ သည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေပြီး ဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းသည်။

(သတင်းစဉ်)

သဲအင်းဂူ ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်တိုင်း တောင်ဝဲဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက်၊ (၄)ပိုင်း ဓမ္မ ရောင်ခြည် သဲအင်းဂူ ကမ္ဘဋ္ဌာန်းကျောင်းတွင် မူလကျေားဂူးရုင်း သဲအင်းဂူ ဆရာတော်ကြီး၏ သားတပည့်ဖြစ်သော အရှင်ပဏ္ဍာဝံသ(မိဂလဲ)ဆရာတော်က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာ တရားတော်များ ဟောကြားပြသမည်ဖြစ်သည်။ (၁၀)ကြိမ်မြောက် တရားစခန်းပွဲကို အောက်တိုဘာ ၁၁ရက်မှ ၁၇ရက်အထိ အခမဲ့အစီဉာန်ဝင်ခွင့်ဖြင့် ခုနစ်ရက်ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူ များသည် အောက်တိုဘာ ၁၀ရက်(တနင်္လာနေ့) ညနေတွင် တရားစခန်းသို့ အရောက်လာကြရန်နှင့် အာဟာရဒါန လှူဒါန်းလိုသူများ ၎င်းကျောင်းတိုက်သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၁၀-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၆:၀၀ ဘ။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဂ္ဂိုဏ်ဆောင်ဆောင်ချုပ်၊ အဘိဓမ္မမဟာသဒ္ဓမ္မဇောတိက၊ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘာသဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိဝိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖွယ်အတူကစားစို့

၇:၃၀ ၃။ နန်ကင်းသတင်း

၇:၄၀ ၄။ သံသာဝဏ္ဍီအေးမင်္ဂလာတေး

၇:၅၀ ၅။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၈:၀၅ ၆။ အတီးပြိုင်ပွဲ

၈:၂၀ ၇။ ဖြူးချောင်းတံတား

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Let's Go.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ရှိတေး၊စစ်သည်တေး

၄:၁၅ ၂။ ဖျိုးချစ်စိတ်ဓာတ်ရင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေးမွမ်းမြှင့်သင်ကြားသင်ခန်းစာ- ဒုတိယနှစ် (၅ကွေဒေအထူးမြူ) (၅ကွေဒေ)**

၄:၄၅ ၄။ ပြည်ဆောင်နတ်ပိုးရင်းသားလိုးရာတေးသံသာ

၅:၀၀ ၅။ **၂၀၀၅ခုနှစ် တောရသမားအကြိမ် (၁၃)ကြိမ်မြောက်ရာ ယဉ်ကျေးမှု အဆို၊ဒေက၊ အရေး၊ အတီးပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကလေယော်ဓောနှင့် ဓောတ်ဟောင်းတေး)**

(ပညာရှင်အဆင့်)

(အမျိုးသမီး)

၅:၀၅ ၆။ ထာဝစဉ်နေ့လှ မြန်မာ့ဂီတ (အတီးပညာဘာသာရပ် ဆွေးနွေးနှင့်)(အပိုင်း-၄)

၅:၂၀ ၇။ သီချင်းကြီးပသောဘ

၅:၃၀ ၈။ ရွှေဖလံခွင် အာဆီယံအစီအစဉ်

၅:၄၀ ၉။ မြန်မာ့ရုပ်ရာလက်ရွေ့ပွဲ

၆:၀၀ ၁၀။ သုဝဏ်ပလင်္ကာရုပ်

၆:၃၀ ၁၁။ ညနေနင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ Variety Spectacular.

၇:၂၅ ၁၄။ (၂၃)ကြိမ်မြောက်အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာ အားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင် မှုများ (တော်လှန်ဘော)

၇:၃၅ ၁၅။ ကြားမြင်ယုတ်ညှပ်စေရာစာပေသော

၇:၄၅ ၁၆။ ဖွံ့ဖြိုးမှုအလင်းရောင်ရေတွေ့ကမ္ဘာ့လေးတိုင်း ရွာသစ်ကျေးရွာ

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **"မြန်မာ့ဂီဠာ" ပန်းပြိုလေယာဉ်ယမ်းပျံပွဲများ (ကျေးဇူးပြု။ ဓနအောင်၊ သီဂီတဖွန်း) (၁၆ရိက်တာ-ဓောင်တဲဦး)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်
၅-၁၀-၂၀၀၅ (ဗုဒ္ဓဟူးနေ့)
၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၁၀ သာယာရွှေအေး (၃၈) ဖြာမင်္ဂလာတေး (လူမိုက်နှင့်ကင်း ချမ်းသာခြင်း)
၇:၂၀ ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုအစီအစဉ် တွေ့ဆုံဆွေးနွေးခန်း
၇:၅၀ တေးဂီတအစီအစဉ်
၇:၅၅ ပြည်တွင်းသတင်းအကျဉ်း
၈:၀၀ Art & Technology Talk (1) (ဦးမျိုးမြတ်သူ၊ ဦးမြင့်မောင်ကျော်)
၈:၄၀ တေးဂီတအစီအစဉ်
၈:၄၅ မိုးလရာသီရောက်ခဲ့ပြီ မြေဆီဩဇာဓာတ် သစ်ပင်စိုက်
၈:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၈:၅၅ တေးဂီတအစီအစဉ်
၉:၀၀ UEFA Stories Best Players (1)
၉:၂၅ တေးဂီတအစီအစဉ်
၉:၃၀ ဓောဝီများမွေးမြူရေးနှင့် များးရည်ထုတ်လုပ်ပုံ အဆင့်ဆင့်
၉:၄၀ မိုးလေဝသခန့်မှန်းချက်
၉:၄၅ ပြည်တွင်းသတင်းအကျဉ်း
၉:၅၀ သဘာဝအစွမ်းသတ္တိ မြန်မာ့စိမ်းပြာရေညှိ
၁၀:၀၅ တေးဂီတအစီအစဉ်
၁၀:၁၀ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၅ **ဦးဝီဒိမိတ်ဆက် နဲ့ ယဉ်ဝင်း (နှစ် ၄၀ခရိုင် အရိုဆတိုင်း)**
၁၀:၃၅ ယွန်းထည်အတတ်ပညာ
၁၁:၀၀ MRTV-4 အဝိတ် Logo
အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ၂၃:၀၀ နာရီအထိ လေးကြိမ် ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

မြန်မာအရေးအပေါ် ပုံကြီးချဲ့ပြီး အမြတ်မထုတ်သင့်

အောင်မိုးစံ

ယခုရက်ပိုင်းအတွင်း မြန်မာအရေးကိုကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဆွေးနွေးဖို့ ပြည်ပပုဂ္ဂိုလ်အချို့ရဲ့ ပုံကြီးချဲ့ ရေးသားထိုးနှက်မှုအပေါ် ပြည်တွင်းပြည်ပ အင်အားစုအချို့နဲ့ အဆိုးမြင်ဝါဒီတို့က ထောက်ခံအားပေးလာကြတာတွေ့ရပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံဟာ ဘယ်ခေတ်ဘယ်အခါနဲ့မှ မတူအောင် ပြောင်းလဲတိုးတက်လာပြီး ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆြိမ်အေးချမ်းစွာဖြင့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ထူထောင်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်မေါက်လာရေးအတွက် အခြေခံမူများကို ချမှတ်ပြီးသလောက် ဖြစ်နေပြီဖြစ်ပါတယ်။

စီးပွားရေးတွင် တံခါးဖွင့်ဈေးကွက်စနစ် ပိုပြင့်စွာဖြစ်ပေါ်လာရေးနဲ့ နိုင်ငံရေးတွင် ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းနိုင်အောင်မနားမနေ အကောင်အထည်ဖော်နေတဲ့အတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာတယ်။ ပြည်တွင်းဈေးကွက်ဟာလည်း အာဆီယံ ဈေးကွက်၊ အာရှဈေးကွက်၊ နိုင်ငံတကာဈေးကွက်နဲ့ ဆက်စပ်ကျယ်ပြန့်လာတယ်။ ပြည်တွင်းထုတ်လုပ်မှု၊ ကုန်ရောင်းကုန်သွယ်မှုများနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေလည်း နိုင်ငံတကာအဆင့်မီ တိုးတက်လာတယ်။ ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း လမ်းပန်းဆက်သွယ်ရေးတွေလည်း တိုးတက်လာတယ်။ ဆက်သွယ်ရေးလုပ်ငန်းတွေလည်း နိုင်ငံတကာအဆင့်မီ တိုးတက်လာတယ်။ နယ်စပ်ကုန်သွယ်ရေးနဲ့ စက်မှုဇုန်များလည်း ပေါ်ပေါက်တိုးတက်လာတယ်။ လမ်းတံတား၊ ဆည်မြောင်း၊ တာတမံတွေ၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်းတွေလည်း တိုးတက်လာပါတယ်။ စိုက်ပျိုးရေးနဲ့ စက်မှုနည်းပညာတွေလည်း တိုးတက်လာတယ်။ ဈေးကွက် စီးပွားရေးစနစ်ရဲ့ အခြေခံလူတန်းစားများဖြစ်တဲ့ တိုင်းရင်းသား လုပ်ငန်းရှင်များ၊ အလယ်အလတ် လူတန်းစားများ၊ ပညာရှင်များ၊ ခေတ်သစ် အလုပ်သမားလူတန်းစားများလည်း ပေါ်ပေါက်လာတယ်။

နိုင်ငံရေးတွင် ပါတီစုံ တရားဝင်ရပ်တည်ခွင့်ရလာတယ်။ အစိုးရအဆက်ဆက်ကို နှစ်ရှည်ကြာစွာ ဆန့်ကျင်လာခဲ့တဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ (၁၇)ဖွဲ့ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာတယ်။ ခြွင်းချန်ခဲ့မယ်ဆိုရင် ဒီကနေ့ တပ်မတော်အစိုးရခေတ်တွင် မြန်မာနိုင်ငံဟာ တည်ငြိမ်အေးချမ်းစွာ နယ်စွန်နယ်ဖျားပါမကျန် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတို့တွင် ပြောင်းလဲတိုးတက်လာခဲ့တာ ဖြစ်ပါတယ်။ တပ်မတော်အစိုးရနဲ့ လူထုလူတန်းစား၊ အဖွဲ့အစည်းများ၊ ပြည်သူလူထုများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတွေလည်း ပိုမိုအောင်မြင်တိုးတက် နေပါတယ်။ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာတဲ့ ငြိမ်းချမ်းရေးအဖွဲ့အစည်းအချို့ကလည်း လက်နက်နဲ့ ငြိမ်းချမ်းရေး အကြောင်းမဲ့ လဲလှယ်လာကြတယ်။ ဒါကြောင့် အခုလို တပ်မတော်အစိုးရရဲ့ စေတနာပြည့်ဝစွာ နိုင်ငံတော်ကို ဟန်ချက်ညီညီ ဆောင်မိဖွဲ့ဖြိုးတိုးတက် အောင် မနားမနေထူထောင်လာခဲ့တဲ့ အောင်မြင်မှုများကို ကိန်းဂဏာန်း စာရင်းဇယားဖြင့် (တပ်မတော်အစိုးရလက်ထက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု မှတ်တမ်း ၁၉၈၈-၁၂-၂-၂၀၀၅)မှာ အသေးစိတ် လေ့လာတွေ့ရှိနိုင်ပါတယ်။ အဲဒီမှတ်တမ်းစာအုပ်မှာ ၁၉၈၈ခုနှစ် အခြေအနေနဲ့ ၁၉၈၈ခုနှစ် နောက်ပိုင်း ၁၂-၂-၂၀၀၅ရက်နေ့အထိ အခြေအနေနှိုင်းယှဉ်ချက်များကို အောက်ပါခေါင်းစဉ်များဖြင့် ကဏ္ဍအလိုက်တွေ့ရှိနိုင်ပါတယ်-

- **မြန်မာနိုင်ငံ၏ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေပြုယောင**
- **မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပယ်ဖျောက်ရေးကြိုးပမ်းမှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ သစ်တောဖြုတ်ပျိုးထောင်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ စိမ်းလန်းစိုပြည်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ ဝိုဆောင်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအားကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစည်ပင်ဖွံ့ဖြိုးမှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ လမ်းတံတားပေါင်းချိုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**
- **မြန်မာနိုင်ငံ၏ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေပြုယောင**

ဒါကြောင့် အမှန်တရားကိုရှာဖွေရင် ပကတိဘဝများမှာ ရှာဖွေရမယ် ဆိုတဲ့ လူမှုသိပ္ပံတရားနဲ့အညီ တပ်မတော်အစိုးရခေတ်တွင် နိုင်ငံတော် ဘယ်အထိ ဖွံ့ဖြိုးတိုးတက်လာတယ်ဆိုတာကို အခုလို ပကတိဘဝက သက်သေပြလျက်ရှိပါတယ်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ အခုလို ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာတဲ့အတွက် နယ်စွန်နယ်ဖျားပါမကျန် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာမှုဟာ တပ်မတော်အစိုးရရဲ့ ထူးခြားတဲ့ အောင်မြင်မှုဖြစ်ပါတယ်။

တပ်မတော်အစိုးရလက်ထက်တွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေး(၁၅)နှစ်စီမံကိန်းကိုလည်း စတင်တာဝန်ယူခဲ့စဉ်ကာလ ၁၉၉၉ခုနှစ်မှ ၂၀၀၃ခုနှစ်အထိ ငါးနှစ်စီမံကိန်းသုံးခုနဲ့ ချမှတ်ဆောင်ရွက်လာခဲ့တယ်။ ဒီစီမံကိန်းကြီးများနှင့်အတူ ၂၀၀၂ခုနှစ် ဧပြီလမှစပြီး ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး **"ပန်းတိုင်သစ်"** စီမံကိန်းကို ဆောင်ရွက်ခဲ့တယ်။ ဒါ့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုပါ ဟန်ချက်ညီစွာ ဆောင်ရွက်နေပါတယ်။ ဒါကြောင့် အမေရိကန်ပြည်ထောင်စုရဲ့ ၂၀၀၅ခုနှစ် မူးယစ်ဆေးဝါးနဲ့ စပ်လျဉ်းသော အစီရင်ခံစာတွင် ၂၀၀၄ခုနှစ်၊ ၂၀၀၃ခုနှစ်တို့ကို နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှု ၃၄ရာခိုင်နှုန်းခန့်၊ ကျဆင်းသွားကြောင်းနှင့် လွန်ခဲ့သောရာစုနှစ်နှစ်ကထက် ဘိန်းထုတ်လုပ်မှု တန် ၂၅၀မှ ၂၉၂တန်သို့ ကျဆင်းသွားတဲ့အတွက် စစ်ရာဇွှင်နှုန်းအထိ ကျဆင်းသွားတယ်လို့ ဖော်ပြခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ဓာတ်ဘုံဝိုင်းကလေများကပင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ မှုခင်းဆိုင်ရာရုံး(UNODC)မှ နည်းပညာနဲ့ အကူအညီများရယူပြီး တရုတ်၊ အိန္ဒိယ၊ ထိုင်းနိုင်ငံတို့နဲ့ ပူးပေါင်းဆောင်ရွက်နေတာဖြစ်ပါတယ်။

မူးယစ်ဆေးဝါးပေါက်ရေး လုပ်ငန်းစဉ်များကို မိမိတို့ မြန်မာတစ်နိုင်ငံတည်း ဆောင်ရွက်လို့မရဘဲ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ဖို့ လိုတယ်ဆိုတာကို နားလည်သဘောပေါက်စွာဖြင့် ဒေသအတွင်း၊ ဒေသခွဲအတွင်း အိမ်နီးချင်းနိုင်ငံများနဲ့ နားလည်မှုစာချွန်လွှာ MoU များကို လက်မှတ်ရေးထိုး ဆောင်ရွက်နေတာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အခုလို ကိုလိုနီနယ်ချဲ့သမားတို့ ဆိုးမွေဖြစ်တဲ့ မူးယစ်ဆေးဝါးအန္တရာယ်ကို အောင်မြင်စွာ တိုက်ဖျက်လာနိုင်ခဲ့တာဖြစ်တယ်။

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေရုံမက အိမ်နီးချင်းနိုင်ငံများ၊ ဒေသအတွင်းနိုင်ငံများ၊ အာရှနိုင်ငံများ၊ နိုင်ငံတကာမှ သမဘသမတ်နိုင်ငံများနဲ့ပါ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။

ဒီကနေ့ အမေရိကန်နဲ့ အပေါင်းပါတပ်မှူး ကျူးကျော်သိမ်းပိုက်ထားတဲ့ အီရတ်နဲ့ အာဖဂန်နစ္စတန်နိုင်ငံတို့တွင် တည်ငြိမ်အေးချမ်းမှု မရှိတဲ့ အခြေအနေတွေ့ ဆက်လက်ဖြစ်ပေါ်နေသဖြင့် ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများအတွက် အသုံးပြုဖို့လျာထားတဲ့ ရန်ပုံငွေများကို လုံခြုံရေးလုပ်ငန်းများတွင်သာ လွှဲပြောင်းသုံးစွဲရတော့ကြောင်း အမေရိကန်ကွန်ဂရက်လွှတ်တော် စာရင်းစစ်ဆေးရေးအဖွဲ့အစည်းဖြစ်တဲ့ အစိုးရအသုံးစရိတ်များ စီစစ်ရေးရုံးက လွန်ခဲ့သော ဇူလိုင်လ နောက်ဆုံးပတ်တွင် ထုတ်ပြန်ခဲ့ပါတယ်။

အီရတ်နိုင်ငံ အခြေခံဥပဒေရေးဆွဲရေးအဖွဲ့ဝင်အချို့ အသတ်ခံရခြင်း၊ အီရတ်စစ်ဘက်နဲ့ ရဲတပ်ဖွဲ့ဝင်များ၊ အရပ်သူ အရပ်သားများတို့ကိုခိုက်ခဲ့ရပြီး သေဆုံးခြင်း၊ အီရတ်အကျဉ်းသားများကို မတော်မတရား ပြုမူကြောင့် အမေရိကန်တပ်ဖွဲ့ဝင်များ အရေးယူခံရခြင်း၊ ဇုံးပေါက် ကွဲခြင်းစတဲ့ လုပ်ရပ်တွေဟာ အီရတ်နိုင်ငံတွင် နိစ္စဓူဝ တွေ့ကြုံနေတဲ့ အနိဋ္ဌာရုံ အဖြစ်ဆိုးများဖြစ်ပါတယ်။

အစ္စနိုးရောက်များရဲ့ အကြမ်းဖက်မှု ထိန်းချုပ်ရေးမှာ အာဖဂန်နစ္စတန်အစိုးရအတွက်ရော အာဖဂန်သာမန်ပြည်သူများအတွက်ပါ ထိပ်တန်းဦးစားပေးစရာဖြစ်တယ်လို့ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က လုံခြုံရေးကောင်စီတွင် ပြောကြားခဲ့ပါတယ်။

ဒါကြောင့် အာဖဂန်နစ္စတန်တွင်လည်း ငတ်မွတ်ကျပ်တည်းမှုများ၊ တိုက်ခိုက်သေဆုံးမှုများရှိနေဆဲ ဖြစ်ပါတယ်။

အီရတ်စစ်ပွဲနဲ့ ပတ်သက်လို့ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်က လက်ရှိသမ္မတ ဘုရှ်အပေါ် ကုလသမဂ္ဂရဲ့ စစ်ဆေးရေးမှုများ လုပ်ငန်းမပြီးဆုံးမီ လူအစုလိုက်သေကျေစေနိုင်သော လက်နက်များရှိသည်ကို သက်သေအထောက်အထားများမပြဘဲ အီရတ်နိုင်ငံအား အလျင်စလို ဝင်ရောက်ကျူးကျော် တိုက်ခိုက်ခဲ့တယ်လို့ အော်ဒီစ ရုပ်သံလွှင့်အစီအစဉ်တွင် ပြောကြားခဲ့ပါတယ်။ သမ္မတဘုရှ်ဟာ အမေရိကန်ပြည်သူများအား အကြမ်းဖက်မှုတိုက်ဖျက်ရေး စစ်ပွဲမှ အာရုံပြောင်းသွားစေရန် အီရတ်စစ်ပွဲကို တမင်ဖန်တီးခဲ့ခြင်း ဖြစ်တယ်လို့သူက ဆိုပါတယ်။ အစဉ်အလာအားဖြင့် အမေရိကန်သမ္မတများဟာ ယင်းတို့နေရာကိုဆက်ခံကြတဲ့သမ္မတများရဲ့ လုပ်ဆောင်ချက်များအပေါ် ဝေဖန်လေ့မရှိဘူးလို့ သိရပါတယ်။

အီရတ်နိုင်ငံအပေါ် ကျူးကျော်စစ်နဲ့ပတ်သက်လို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကိုယ်တိုင် အမေရိကန်ဦးဆောင်တဲ့ တပ်ဖွဲ့ဝင်များရဲ့ အီရတ်နိုင်ငံအား ဝင်ရောက်ကျူးကျော်တိုက်ခိုက်တဲ့ လုပ်ရပ်ဟာ ကုလသမဂ္ဂပဋိညာဉ်စာတမ်းကို ဖောက်ဖျက်ကျူးလွန်ရာရောက်တဲ့အတွက် တရားမဝင်ကြောင်း ၂၀၀၄ခုနှစ် စက်တင်ဘာလ ၆ရက်က ဗြိတိန်နိုင်ငံမှ ဘီဘီစီရုပ်သံလွှင့် တွေ့ဆုံမေးမြန်းခန်းအစီအစဉ်တစ်ခုမှာ အတိအလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။

ကုလသမဂ္ဂက အတည်ပြုသော **"အနိုင် နိုင်ငံ၏ ပြည်တွင်းရေးများကို စွက်ဖက်ခွင့်မရှိရေးနှင့် ယင်းတို့၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာပိုင်ရေးကို ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကြေညာစာတမ်း"** "ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့်အညီ အနိုင် နိုင်ငံတို့ ချစ်ကြည်ရေး ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ထူထောင်ရေးဆိုင်ရာ နိုင်ငံတကာ ဥပဒေမူများနှင့် ပတ်သက်သောကြေညာစာတမ်း၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို စွက်ဖက်ခွင့်မရှိရေးနှင့် ကြားဝင်လှုပ်ဆောင်ခွင့်မရှိရေး ကြေညာစာတမ်းတို့တွင် မည်သည့်နိုင်ငံ သို့မဟုတ် နိုင်ငံများအုပ်စုကမျှ မည်သို့သော အကြောင်းပင်ဖြစ်စေ၊ အခြားနိုင်ငံများ၏ ပြည်တွင်းရေးနှင့် နိုင်ငံခြားရေးတို့ကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်စွက်ဖက်ခွင့်မရှိရဟူ၍လည်းကောင်း၊ အနိုင် နိုင်ငံတို့သည် လူ့အခွင့်အရေးပြဿနာကို အသုံးပြု၍သော်လည်းကောင်း၊ ထင်ယောင်ထင်မှား ဖြစ်စေ၍သော်လည်းကောင်း၊ အခြားနိုင်ငံများ သို့မဟုတ် နိုင်ငံများအုပ်စုအတွင်းပိုင်း သို့မဟုတ် အချင်းချင်းအကြား သံသယဖြစ်မှုများနှင့်ရှုပ်ထွေးမှုများကို ဖန်တီးသည့်လက်သုံးနည်းအဖြစ် အသုံးချခြင်းကိုရှောင်ရှားသည် တာဝန်ဝတ္တရားရှိသည်"ဟူ၍ လည်းကောင်း ရှင်းလင်းတိကျစွာသတ်မှတ်ပြဋ္ဌာန်းထားပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံဟာ ကုလသမဂ္ဂအခြေခံမူများ၊ ပဋိညာဉ်စာတမ်းများကို ဖောက်ဖျက်ကျူးလွန်နေပါသလား။ ဘယ်နိုင်ငံတွေက ဖောက်ဖျက်ကျူးလွန်နေပါသလဲ။ ကွဲကွဲပြားပြား ခွဲခြဲခြားခြား သက်သေသာဓကများရှိနေပါတယ်။ မြန်မာနိုင်ငံဟာ ဒေသအတွင်းဈေးကွက် စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ငြိမ်အေးချမ်းစွာ ထူထောင်နေတဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံသာဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့နိုင်ငံတကာတွင် ကုလသမဂ္ဂအခြေခံမူများ၊ ပဋိညာဉ်စာတမ်းများအပေါ် ဖောက်ဖျက်ကျူးလွန်နေတဲ့နိုင်ငံတွေရဲ့ လုပ်ရပ်များနဲ့ ဒီလုပ်ရပ်များကြောင့် သက်ရောက်မှုများအပေါ် လုံခြုံရေးကောင်စီတွင် ဆွေးနွေးဆုံးဖြတ်ဖို့ ကြိုးပမ်းဘဲမြန်မာနိုင်ငံအရေးကို ပုံကြီးချဲ့ပြီး လုံခြုံရေးကောင်စီမှာ ဆွေးနွေးဖို့ ကြိုးပမ်းမှုတွေဟာ ကိုယ်ကျိုးအတ္တအတွက် တစ်ဖက်သတ် မတရားအမြတ်ထုတ်မှုတွေသာ ဖြစ်တယ်ဆိုတာကို တင်ပြလိုက်ရပါတယ်။ ။

အမှန်တရားကိုရှာဖွေရင် ပကတိဘဝများမှာ ရှာဖွေရမယ်ဆိုတဲ့ လူမှုသိပ္ပံတရားနဲ့အညီ တပ်မတော်အစိုးရခေတ်တွင် နိုင်ငံတော် ဘယ်အထိ ဖွံ့ဖြိုးတိုးတက်လာတယ်ဆိုတာကို အခုလို ပကတိဘဝက သက်သေပြလျက်ရှိပါတယ်။

တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့(၁၇)ဖွဲ့ အခုလို ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လက်တွဲလာတဲ့အတွက် နယ်စွန်နယ်ဖျားပါမကျန် တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာမှုဟာ တပ်မတော်အစိုးရရဲ့ ထူးခြားတဲ့ အောင်မြင်မှုဖြစ်ပါတယ်။

☆ ကျောဖုံးမှ

မိုးကုတ်ဒေသမှ အဖိုးတန်ကျောက်မျက်ရတနာများထွက်ရှိမှု၊ ကျောက်မျက်တူးဖော်ရေးလုပ်ငန်း ဆောင်ရွက်ရာ၌ သဘာဝပတ်ဝန်းကျင် မပျက်စီးစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်မှု၊ နိုင်ငံတော်က ပြည်တွင်း၌ နိုင်ငံတကာ ကျောက်မျက်ဈေးကွက်ဖြစ်ထွန်းရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေးက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ခေါင်းဆောင်သောအဖွဲ့ မန္တလေးတိုင်းသို့ လာရောက်ရသည့် ရည်ရွယ်ချက်များ၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် ကဏ္ဍစုံမှ ကြိုးပမ်းတည်ဆောက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် မဏ္ဍိရတနာခန်းမသို့ ရောက်ရှိလာပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် မန္တလေးမြို့သို့ ထွက်ခွာခဲ့ကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၃ရက် နံနက်ပိုင်းတွင် မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင် အကွာ ရဲ-ယမန်းကျေးရွာအနီး မြစ်ဝယ်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်သို့သွားရောက်ကြပြီး ရှင်းလင်းဆောင်အနီးမှနေ၍ ရဲရွာရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ကြည့်ရှုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရဲရွာရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာအချက်အလက်များ၊ လုပ်ငန်းကဏ္ဍအလိုက် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆောင်ရွက်ပြီးစီးမှု

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က စီမံကိန်းအနီး မြစ်ဝယ်မြစ် ဝဲ/ယာ ဘက်ကမ်းတို့၌ ချဉ်းကပ်လမ်းများဖောက်လုပ်ခြင်းနှင့် အဆိုပါလမ်းများ၌ ကတ္တရာခင်းပြီးစီးမှု အခြေအနေများ၊ စီမံကိန်းအတွက် ကျောက်ခဲစက်များ တည်ဆောက်ပြီးစီးမှု၊ ကျောက်/သဲများ စုဆောင်းထားမှု၊ ဘိလပ်မြေ၊ သဘာဝပိုဇိလန်၊ ခွဲကျောက်ရွယ်စုံ၊ သံချောင်းနှင့် ဒီဇယ်ဆီလိုအပ်ချက်များ၊ ပုံပိုးပစ္စည်းများ စုဆောင်းထားမှု အခြေအနေများ၊ ၂၀၀၄ခုနှစ် စက်တင်ဘာလတွင် ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ရောက်ရှိစဉ်မှာကြားခဲ့မှုများအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ❖

ကမ္ဘာပေါ်၌ RCC Dam စုစုပေါင်း ၂၀၇ ခုရှိရာ မြန်မာနိုင်ငံ၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ RCC Dam မှာ ကမ္ဘာ့အကြီးစား စာရင်းဝင်အဖြစ် တည်ရှိမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ရဲရွာရေအားလျှပ်စစ် စီမံကိန်း ရှင်းလင်းဆောင်၌ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားစဉ်။ (သတင်းစဉ်)

ရဲရွာရေအားလျှပ်စစ် စီမံကိန်း

မြစ်ဝယ်မြစ်ပေါ်၌ အလျား ၂၂၆၄ပေ၊ အမြင့် ၄၃၃ပေရှိမည့် ကွန်ကရစ်တမံ (Roller Compacted Concrete Dam) တည်ဆောက်၍ မဂ္ဂါဝပ် ၇၉၀ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံမှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၃၅၅၀ ကို ဓာတ်အားကွန်ရက်စနစ်မှ တစ်ဆင့် ထုတ်လုပ်ဖြန့်ဖြူးသွားရန် ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်နေ။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက မြစ်ဝယ်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း၏ Power Intake အဆောက်အအုံ တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)



❖ စာမျက်နှာ ၉ မှ

ဝန်ကြီး ဗိုလ်ချုပ်စောထွန်းတို့က စီမံကိန်းလုပ်ငန်း၌အသုံးပြုမည့် ဆောက်လုပ်ရေးပစ္စည်းများ၏ အရည်အသွေးနှင့် နည်းပညာဆိုင်ရာကိစ္စများကို ရှင်းလင်းတင်ပြကြသည်။

အဆင့်အတန်းရှိရှိ

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ရဲရွာရေအားလျှပ်စစ်စီမံကိန်းကဲ့သို့ ပြည်သူ့အကျိုးပြု စီမံကိန်းကြီးများကို တည်ဆောက် အကောင်အထည်ဖော်ရာ၌ ပြည်တွင်းထွက်ကုန်ပစ္စည်းများကို ဖြစ်နိုင်သမျှသုံးစွဲ၍ အဆင့်အတန်းရှိရှိ တည်ဆောက်သွားနိုင်အောင် ကြိုးစားကြစေလိုကြောင်း၊ ကိုယ်ပိုင်အတတ်ပညာစွမ်းအားနှင့် ကိုယ်ပိုင်သယံဇာတပစ္စည်းများကို စနစ်တကျ ပေါင်းစပ်အသုံးပြု၍ စီမံကိန်းလုပ်ငန်းများကို တိုးချဲ့တည်ဆောက်သွားနိုင်သည်နှင့်အမျှ တိုင်းပြည်အတွက် ပိုမိုအကျိုးဖြစ်ထွန်းစေမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်ရေကာနံရံ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် မြစ်ငယ်မြစ်၏ ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Power Intake အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများကို =လည်းကောင်း၊ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည့် ပင်မတမဲမြေတူးခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်ရေကာနံရံ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် မြစ်ငယ်မြစ်၏ ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ Power Intake အဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းများကို =လည်းကောင်း၊ စက်ယန္တရားများဖြင့် ဆောင်ရွက်လျက်ရှိသည့် ပင်မတမဲမြေတူးခြင်း လုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်ရေကာနံရံ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် မြစ်ငယ်မြစ်၏ ရေစီးဆင်းမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး ညနေ၆ဝိုင်းတွင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ရန်ကုန်ဖြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်း၀၉)

ကမ္ဘာ့အကြီးစား စာရင်း၀င်

၂၀၀၃ခုနှစ် စာရင်းအရ ကမ္ဘာပေါ်၌ RCC Dam စုစုပေါင်း ၂၈၇၃ ရှိရာ မြန်မာနိုင်ငံ၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်း၏ RCC Dam မှာ ကမ္ဘာ့အကြီးစား စာရင်း၀င် RCC Dam အဖြစ် တည်ရှိမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဲရွာ ရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး ညနေ၆ဝိုင်းတွင် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ရန်ကုန်ဖြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်း၀၉)

အဘိမွှာစာကြည့်တိုက်သို့ ပိဋကတ်သုံးပုံလှူဒါန်း

ရန်ကုန် အောက်တိုဘာ ၄

အဘိမွှာပြန့်ပွားရေးအသင်းကြီး ပိဋကတ်စာကြည့်တိုက်သို့ ရဟန်းသံဃာ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်များ လေ့လာဆည်းပူးဖတ်ရှုနိုင်ရန် ရည်ရွယ်၍ အလှူရှင် ဦးစိုးစိုး-ဒေါ်သိဂီဝင်း သား မောင်ဇော်ဝင်းထွန်း သမီး စစ္ဓိထွန်း အမှတ်(၃၀) ဖိုးစိန်လမ်း တာမွေဖြို့နယ်တို့က အဘိမွှာပြန့်ပွားရေးအသင်းကြီး၏ အဘိမွှ ရတနာဃရ အဘိမွှာမွှမိမာန်တော်ကြီး၌ ရန်ကုန်ဖြို့ သရက်ဆောကျောင်းတိုက် ဆရာတော် အဘိမွှာအသင်းကြီး၏ သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တဣန္ဒာစရိယ၊ အဂ္ဂမဟာရန္ဆ ဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတဆရာတော်ကြီး ရှေ့မောက်တွင် ပိဋကတ်သုံးပုံ အဋ္ဌကထာ ၅၁အုပ်၊ ဋီကာ ၂၃အုပ်၊ နံရံကပ်စာအုပ်ဗီဒိုု တစ်လုံး၊ လီတာ ၂၀၀၀ ဝင် စတီးရေစည်တစ်လုံး၊ စက်ရေတွင်းတူးရန် အလှူငွေ အပါအဝင် ကျပ်ငွေ ၉၂၈၆၀၀ကျပ်တန်ဖိုး ကုန်ကျငွေကို ရေစက်သွန်းချ၍ ပေးအပ်လှူဒါန်းသည်။

အလှူငွေများကို အဘိမွှာအသင်း နာယကဆရာကြီး ဦးညွန့်စိန်၊ မဟာအဘိမွှိကလျာဏဉာဏာစရ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဆရာတော် ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)** (ကြေးမုံ)

အထွေထွေဘဏ်လုပ်ငန်းသင်တန်းပွင့်ပွဲ ကျင်းပ ဝန်ကြီး ပိုလ်ချုပ်လှထွန်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် အောက်တိုဘာ ၄

ဘဏ်များကြီးကြပ်ရေးကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အထွေထွေဘဏ်လုပ်ငန်းသင်တန်း(အရာရှိအဆင့်) သင်တန်း အမှတ်စဉ်(၆) သင်တန်းဖွင့်ပွဲကို ယနေ့မွန်းလွဲ ၂နာရီတွင် မြန်မာနိုင်ငံဗဟိုဘဏ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကား

ရှေးဦးစွာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက သင်တန်းဖွင့် အမှာစကားပြောကြား ရာ၌ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်နိုင်မာသော စီးပွားရေးတစ်ရပ် ရရှိဖြစ်ထွန်းလာစေရန် အဓိက အထောက်အကူပြုနေသည့် ဘဏ်လုပ်ငန်းကဏ္ဍကြီး ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကမ္ဘာတစ်ဝန်း တိုးတက်ပြောင်းလဲနေသော ဘဏ်လုပ်ငန်းစနစ်ကြီးကို အမီလိုက်နိုင်ရန် ဘဏ်ဝန်ထမ်းများအား အရည်အသွေးနှင့် အရည်အချင်းပါ တိုးတက်လာစေရန် ယခုကဲ့သို့ ဘဏ်လုပ်ငန်း သင်တန်းများ ဖွင့်လှစ်ပေးသည်မှာ (၆)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ယခင်သင်တန်းများ၏ ရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ပိုမိုပြည့်စုံကောင်းမွန်အောင် မွမ်းမံဆောင်ရွက်သွားကြရန်နှင့် ရေရှည်တွင် အဆင့်မြင့် သင်တန်းများ ဖွင့်လှစ်ပြီး ပညာရှင်များ ထွက်ပေါ်လာအောင် ပျိုးထောင်ပေးမည့် သင်တန်းကျောင်းကြီးဖြစ်လာသည်အထိ ဆက်လက် အားထုတ်သွားကြရန် မှာကြားလိုကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ဆက်လက်၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက အမှာစကားပြောကြား ပြီး သင်တန်းဖွင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းသင်တန်းကို အောက်တိုဘာ ၃ရက်မှ ဒီဇင်ဘာ ၈ရက်အထိ နှစ်လကြာ ဖွင့်လှစ်မည်ဖြစ်သည်။

သင်တန်းတွင် ဘဏ်လုပ်ငန်းကဏ္ဍမှ ၀၊၇၉ဦးဆရာ၊ ဆရာမကြီးများနှင့် စာရင်းစစ်ချုပ်ရုံး၊ တရားရုံးချုပ်၊ စီးပွားရေးတက္ကသိုလ်တို့မှ သင်တန်းဆရာ၊ဆရာမများက သင်ကြားပို့ချကြမည်ဖြစ်ပြီး နိုင်ငံပိုင်ဘဏ်နှင့် ပုဂ္ဂလိကဘဏ်များမှ သင်တန်းသား ၄၃၉ဦး တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်နယ်နှင့် တိုင်း အဆင့်(၁၈)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်လှစ်

ရန်ကုန် အောက်တိုဘာ ၄

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်ဖြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားပြိုင်ပွဲမှ၌ ကျင်းပသော ၂၀၀၅ ခုနှစ် ပထမအကြိမ် ပြည်နယ်နှင့်တိုင်း အသက်(၁၈)နှစ်အောက် ဘတ်စကက်ဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

ဖွင့်ပွဲနေ့ အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းကမွန်ပြည်နယ်ကို ၅၂မှတ်၊ ၃၇မှတ်ဖြင့် လည်းကောင်း၊ မန္တလေးတိုင်းက တနင်္သာရီတိုင်းကို ၄၉မှတ်၊ ၃၀မှတ်ဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)က ဧရာဝတီတိုင်းကို ၃၉မှတ်၊ ၃၈မှတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းက မကွေးတိုင်းအသင်းကို ၄၇မှတ်၊ ၂၅မှတ်ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြသည်။ (သတင်းစဉ်)

စက်မှုသိပ္ပံအာဧရိယပူဇော်ပွဲ

ရန်ကုန် အောက်တိုဘာ ၄

အင်းစိန် စက်မှုသိပ္ပံ (လျှပ်စစ်အားပေးရေး အင်ဂျင်နီယာဌာန)မှ အငြိမ်းစားယူသွားကြသည့် ဆရာကြီးများအား နဝမအကြိမ် အာဧရိယပူဇော်ပွဲကို အောက်တိုဘာ ၉ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် တက္ကသိုလ်များ မွှေရှုံ့ကျင်းပမည်ဖြစ်သည်။ အလှူငွေများကို ဦးမောင်မောင်အေး ဖုန်း ၀၉၅-၁၂၆၆၆၅၊ ဦးခင်မောင်ဖြဴး ဖုန်း ၀၉၅-၁၃၀၅၁၄၊ ဦးလှသိန်း ဖုန်း ၂၉၅၁၇၆၊ ဦးခင်မောင်ဦး ဖုန်း ၇၂၁၇၆၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

အဓိုးရဌာန အဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ဒုတိယ၊ တတိယအဆင့် သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၄

အစိုးရဌာနအဖွဲ့အစည်းများမှ ဝန်ထမ်းများအတွက် ဒုတိယ၊ တတိယအဆင့် သင်တန်းအမှတ်စဉ်(၈၀)ဖွင့်ပွဲ အခမ်းအနားကို ယနန့်နေ့မွန်းလွဲပိုင်းတွင် စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း၌ကျင်းပရာ ဒုတိယဓာရင်းစစ်ချုပ် ဒေါ်သင်းသင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဓာရင်းစစ်ချုပ် ဒေါ်သင်းသင်းက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ သင်တန်းသို့ ဝန်ကြီးဌာန ဥပဒေကဏ္ဍ ဦးစီးဌာန ဥပဒေနှင့် စီးပွားရေးအဖွဲ့အစည်း ဥက္ကဋ္ဌတို့မှ ဝန်ထမ်းစုစုပေါင်း ၁၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ သုံးလခန့်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဝင်များ ကော့သောင်းမြို့နယ်အတွင်း ကျန်းမာရေးနှင့် လှုပ္ပရေးဆိုင်ရာများ ဆွေးနွေးဟောပြော

ရန်ကုန် အောက်တိုဘာ ၄

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက၊ တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့သည် အဖွဲ့ဝင်များနှင့်အတူ အောက်တိုဘာ ၂ရက် နံနက် ဈနာဆီတွင် ကော့သောင်းမြို့ မချဲသကခန်းမ၌ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအား တွေ့ဆုံအပန်းဖြေကြားသည်။

ဆွေးနွေးဟောပြော

ယင်းနောက် ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ စကားပိုင်းခုနစ်ပိုင်းခွဲ၍ အမျိုးသမီးများနှင့်ပတ်သက်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ သိကောင်းစရာများကို ပညာပေးဆွေးနွေးကြပြီး အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးဌာနကြီးမှူး ဒေါ်ခင်သိန်းက အမျိုးသမီးများ အသိပညာတိုးမြှင့်ရေးနှင့် လူမှောင်ခိုကူးမှုတားဆီးရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးဟောပြောသည်။

ထို့နောက် တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့က ကော့သောင်းမြို့မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ပညာပေးကော်ဆော်ခွေနှင့် ဗွီစီဒီခွေများ၊ ဆေးဗိမ်ခြင်ထောင်နှင့် စာအုပ်များကိုလည်းကောင်း၊ ချို့တဲ့ကလေးများအား ထောက်ပံ့ပေးအပ်လှူဒါန်းရာတာဝန်ရှိသူများက လက်ခံရယူသည်။

ထို့နောက် အဖွဲ့ဝင်များသည် တိုင်းကျန်းမာရေး ဦးစီးဌာန ဦးစီးမှူး ဒေါက်တာဆွေဝင်း ဦးဆောင်သည့် ဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း ဆောင်ရွက်မှုများကို သွားရောက်ကြည့်ရှုအားပေး၍ ဝေဒနာရှင်များအား ဆေးဝါးနှင့် မျက်မှန်များအခမဲ့ လူဒါန်းပေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက်တိုင်းမှူး၏ ဇနီး ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ အိမ်တွင်းမှု သက်မွေးသင်တန်း ကျောင်းသို့ရောက်ရှိရာ ကျောင်းအစည်းအဝေးခန်းမ၌ သင်တန်းကျောင်းတာဝန်ခံ ဒေါ်ဝင်းဝင်းထွေးက အိမ်တွင်းမှု သက်မွေးပညာသင်တန်း၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင်တင်နွဲ့က အမျိုးသမီးများဘဝ မြှင့်တင်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းမှာကြားပြီး သင်တန်းသူများအတွက် ဆန် ၁၅အိတ် ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များသည် သင်တန်းသူများ၏ အိပ်ဆောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

တနင်္သာရီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်တင်တင်နွဲ့ ကော့သောင်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ပညာပေးကော်ဆော်ခွေနှင့် ဗွီစီဒီခွေများ၊ ဆေးဗိမ်ခြင်ထောင်နှင့် စာအုပ်များ၊ ချို့တဲ့ကလေးများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကော့သောင်းမြို့ မချဲသကခန်းမ၌ တနင်္သာရီတိုင်း၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ စကားပိုင်းများဖွဲ့၍ အမျိုးသမီးများနှင့် ပတ်သက်သော ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ သိကောင်းစရာများကို ပညာပေးဆွေးနွေးစဉ်။ (သတင်းစဉ်)

ပရိယတ္တိ သဒ္ဓမ္မမာမက စာမေးပွဲဝင်ခွင့်ပုံစံ ထုတ်ယူနိုင်

ရန်ကုန် အောက်တိုဘာ ၄

၁၃၆၇ခုနှစ် နတ်တော်လဆန်း ၁၀ရက်တွင်ကျင်းပမည့် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်တော် ပရိယတ္တိ သဒ္ဓမ္မမာမက စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုကြမည့် သံဃာများနှင့် သီလရှင်များအတွက် ဝင်ခွင့်လျှောက်လွှာပုံစံများ၊ စည်းမျဉ်းစည်းကမ်းနှင့်ပြဋ္ဌာန်းကျမ်းစာများ စာအုပ်ကို ဝါခေါင်လပြည့်နေ့မှ စတင်ထုတ်ပေးခဲ့ရာ ဝင်ခွင့်လျှောက်လွှာပုံစံများကိုဖြည့်စွက်ပြီး သီတင်းကျွတ်လပြည့်နေ့ နောက်ဆုံးထား၍ မိမိတို့ထုတ်ယူရာဌာနဖြစ်သော ဒုတိယဥက္ကဋ္ဌ ဆရာဦးအောင်မြင့် "မြန်မာ့ဂုဏ်ရည်" စေတနာဆေးကုဌာန၊ ၂၆(ဘီ)လမ်း၊ ၈၀x၈၀ ကြား၊ ဆိုင်းတန်း၊ မန္တလေး၊ ဖုန်း-၀၂-၂၈၅၄၆၊ မော်ကွန်းထိန်း ဒုတိယဗိုလ်မှူးကြီးကြည်ဌေး(ငြိမ်း) မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့၊ ကြည်ကုန်းရပ်သို့ ပြန်လည်ပေးပို့ရမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့အခေသေးစား ချေးငွေလုပ်ငန်း ရာဖြတ်ခြင်းနှင့် လုပ်ငန်းဆိုင်ရာ သင်တန်းဆင်း

ရန်ကုန် အောက်တိုဘာ ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့အသေးစား ချေးငွေလုပ်ငန်း၏ ရာဖြတ်ခြင်းနှင့် လုပ်ငန်းပိုင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၀၅)ဆင်းပွဲကို အောက်တိုဘာ ၃ရက်က ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်း ရှိ ရုံးချုပ်လုပ်ငန်း သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့အသေးစား ချေးငွေလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး (ပူးတွဲတာဝန်) အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်း တက်ရောက်သင်တန်းဆင်း အမှာစကားပြောကြားသည်။

သင်တန်းတွင် ထူးချွန်ပထမရရှိသူ မန္တလေး ဂေါဝိန်ရုံးခွဲမှ လက်ထောက်ကြီးကြပ်ရေးမှူး(ရာဖြတ်) ဒေါ်ဖြူဖြူဝင်း(အောက်ဝဲပုံ)၊ ဒုတိယဆုရရှိသူ ဧရာဝတီတိုင်းရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူး(ရာဖြတ်) ဒေါ်နင်းနင်းမြင့်နှင့် တတိယဆုရရှိသူ သနပ်ပင်ရုံးခွဲမှ လက်ထောက်ကြီးကြပ်ရေးမှူး (ရာဖြတ်) ဒေါ်ညိုညိုမင်းတို့အား ဦးဆောင်ညွှန်ကြားရေးမှူး(ပူးတွဲတာဝန်) အထွေထွေမန်နေဂျာ ဦးအောင်မြင့်ထွန်းက ဆုများပေးအပ်ချီးမြှင့်သည်။ (၃၂)

ရန်ကုန်မှိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ဖြစ်သည်။

တေရဿမအကြိမ် (၁၃ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

၁။ မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန်ထက်မြက်မြင့်မားရန်။

၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရန်။

၃။ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရန်။

၄။ မြန်မာတို့၏ အမျိုးသားရေးစရိုက်လက္ခဏာများ ထိန်းသိမ်းရန်။

၅။ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရန်။

၆။ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရန်။

၇။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ပိုမိုမြိုင်မာ ရှင်သန်လာစေရန်။

အမှတ်(၂၄) အခြေပညာ မူလတန်း ကျောင်း ရွေပြည်သာ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲကို အောက်တိုဘာ ၁ရက်က ကျင်းပရာ သူငယ်တန်းမှ တတိယတန်းအထိ လေးနှစ်ဆက်တိုက် ပထမဆုရရှိသော မသီဂီကျော်လွင်အား ကျောင်းအုပ်ဆရာကြီး ဦးတင်ထွန်ဆုချီးမြှင့်စဉ်။ (က-ပ)

တိုင်းမှူး ပိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ပိုလ်မှူးချုပ်အောင်သိန်းလင်း ရန်ကုန်မြို့တော်သန့်ရှင်းရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် အောက်တိုဘာ ၄

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပ၍ ရေစီးရေလာကောင်းမွန်ပြီးလမ်းများကောင်းမွန်စေရန်အတွက်ဆောင်ရွက်လျက်ရှိသော သန့်ရှင်းရေးနှင့်တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းတို့သည် နံနက် ၆ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အင်းစိန်လမ်းဖြတ် ကမာရွတ်ချောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်၊ ရွံနှင့်နန်းများ ဆယ်ယူရှင်းလင်းလျက်ရှိသည့်အခြေအနေနှင့်လမ်းတစ်လျှောက် အမှိုက်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ လှိုင်မြို့နယ် ဘုရင့်နောင်လမ်း တစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းလျက်ရှိသည့် အခြေအနေနှင့် လမ်းဘေး၀ဲ/ယာ အမှိုက်များ ရှင်းလင်းလျက်ရှိသည့် အခြေအနေ၊ ကမာရွတ်မြို့နယ် ဆင်လိုက်ဈေးရှေ့၊ လှည်းတန်းလမ်းကို စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းလျက်ရှိသည့် အခြေအနေ၊ ဗဟန်းမြို့နယ် နတ်မောက်လမ်း တစ်လျှောက် လမ်းဘေးလူသွားစင်္ကြံ အောက် ရေနုတ်မြောင်း တူးဖော်ဆယ်ယူ ရှင်းလင်းလျက်ရှိသည့် အခြေအနေ၊ တာမွေမြို့နယ် ကန်ဝတ်လမ်း တစ်လျှောက် စက်ယန္တရားများဖြင့် နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာ ဆက်လက် ခင်းကျင်းလျက်ရှိသည့်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြရာတာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက်တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်၍ ယခင်မိုးရာသွန်းမှကြောင့် ပျက်စီးသွားသည့် လမ်းများ ပြုပြင်ခင်းကျင်းခြင်း၊ လမ်းများ နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်း လုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများ မြန်ဆန်ထိရောက်မှုရှိစေရေးအတွက် တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်ဆောင်ရွက်ကြရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

တပ်မတော်(ကြည်းရေလေ)ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများဆက်

ရန်ကုန် အောက်တိုဘာ ၄

၂၀၀၅ ခုနှစ် (၂၁)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖလား အသက်(၂၁)နှစ်နှင့်အောက် တပ်မတော်(ကြည်းရေလေ) ဘောလုံးပြိုင်ပွဲ၏ ဒုတိယအဆင့်အုပ်စုပတ်လည်ပြိုင်ပွဲများကို ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသော ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပသည်။

(က၀) အုပ်စု ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းအားကစားကွင်း(မင်္ဂလာဒုံ)၌ကျင်းပသော ပြိုင်ပွဲတွင် တပ်မတော်(ရေ)အသင်းက အမှတ်(၉၉)ခြေမြန် တပ်မဌာနချုပ်အသင်းကို ခြောက်ဂိုး-လေးဂိုးဖြင့်လည်းကောင်း၊ တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသော ပြိုင်ပွဲတွင် အမှတ်(၅၅)ခြေမြန်တပ်မ ဌာနချုပ်အသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် မြို့သစ် (က+ခ)
ရပ်ကွက် က/၃၀၏နေ ကွယ်လွန်သူ မိခင်ကြီး ခေါ်ကျင်မြင့်အား ရာညီစု၍ သားဖြစ်သူ ဦးမြတ်ကိုကို ကိုယ်စား အစ်ကိုဖြစ်သူ ဦးဝင်းလှိုင်က အင်းစိန်မြို့ကွက်သစ် မာလာရာမ ဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကွင်းမှ အသင်းသို့ ငွေကျပ်နှစ်သိန်း လွှဲပေးရာ ဥက္ကဋ္ဌ ဦးမြသင်း၊ တွဲဖက်အတွင်းရေးမှူး(၂)ဦးလှသိန်း၊ တွဲဖက်စာရင်းစစ် ဦးသန်းဌေးတို့ လက်ခံရယူစဉ်။ (က-ပ)

အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆) ယှဉ်ပြိုင်ကစား

မီလန် အောက်တိုဘာ ၄

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲ ပွဲစဉ်(၆)ကို တနင်္ဂနွေနေ့ကျင်းပရာ အက်စ်ကိုလီအသင်းက ပါးမားအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဖီအိုရင်တီးနားအသင်းက လီဇော်နိုအသင်းကို သုံးဂိုး-နှစ်ဂိုး ဖြင့်လည်းကောင်း၊ လက်ချီအသင်းကကက်ဂလီယာရီအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ဆမ်ပိုးရီးယားအသင်းက မက်ဆီနာအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ ဆီနာအသင်းက အေအက်စ်ရိုးမားအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိပြီး ပါလာမိုအသင်းနှင့် အမ်ပိုလီအသင်းတို့မှာ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့ကြသည်။

အက်စ်ကိုလီ-ပါးမား

ခရိုအေးရုားလူမျိုး ဆာဆာဘီလန်နိုဗစ် တစ်ဦးတည်းက အက်စ်ကိုလီအသင်းအတွက် နှစ်ဂိုးသွင်းပေးခဲ့သည်။

ပါးမားအသင်းမှ အင်ဒရေပီဆာန္နးက ပွဲချိန်မိနစ် ၂၀တွင် ဗွေဆော်ဦးဂိုးသွင်းကာ ဦးဆောင်ကစားခဲ့သော်လည်း အက်စ်ကိုလီအသင်းအတွက် ချေပဂိုးကို ဘီလန်နိုဗစ်က သွင်းယူခဲ့သည်။ ယင်းနောက်တွင် ပက်စ်ကွေးလ်ဖော်ဂီယာက အက်စ်ကိုလီအသင်းအတွက် ဒုတိယဂိုးကို သွင်းပေးနိုင်ခဲ့ပြီး ဘီလန်နိုဗစ်က အနိုင်ဂိုးကို ခေါင်းတိုက်သွင်းယူခဲ့သည်။

ဖီအိုရင်တီးနား-လီဇော်နို

ပွဲချိန် ၁၆ မိနစ်တွင် တိုက်စစ်ဗမူး ခရစ်တီယာယူနို ထုတ်ပယ်ခံခဲ့ရသဖြင့် လီဇော်နိုအသင်းမှာ ၁၀ ဦးတည်းဖြင့် ကစားခဲ့ရသည်။

ယင်းနောက်တွင် လူကာတိုနီက ဖီအိုရင်တီးနားအတွက် အဖွင့်ဂိုးသွင်းယူခဲ့ပြီးနောက် ပွဲချိန် ၃၅မိနစ်တွင် မာတင်ကျော်ဂျင်ဆန်ကလည်းကောင်း၊ ပွဲချိန်မိနစ် ၆၀တွင် ဂလမ်ပိုလိုကလည်းကောင်း ဂိုးအသီးသီးထပ်မံသွင်းယူခဲ့သည်။

လီဇော်နိုအသင်းအတွက် ဂိုးများကို ပွဲသိမ်းခါနီး လေးမိနစ်အတွင်း သွင်းယူခဲ့သည်။ ဖီအိုရင်တီးနား ကစားအားပျော့သွားသည်ကို အခွင့်ကောင်းယူ၍ ဖက်ဘီယိုကာလန်တိုနှင့်စတီမာနို မော်ရွန်းတို့က တစ်ဂိုးစီ သွင်းယူခဲ့ကြသည်။

လက်ချီ-ကက်ဂလီယာရီ

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲအစမှာပင် ပြိုင်ဘက်အသင်းများကို တုန်လှုပ်ချောက်ချားအောင်ကစားနိုင်ခဲ့သော ကက်ဂလီယာရီအသင်းကို လက်ချီအသင်းက အနိုင်ရရှိခြင်းမှာ ပထမဆုံးဖြစ်သည်။

လက်ချီ အသင်းအတွက် အိပ်ဇယ်ကိုနန်က ပထမမြောက်ဂိုးကို သွင်းယူခဲ့ပြီး အေလက်ပင်နာဒီက ပိုင်နယ်တီမှတစ်ဆင့် ဒုတိယမြောက်ဂိုးသွင်းခဲ့ကာ ခရစ်တီယန်လက်ဒီစမက အနိုင်ဂိုးကို သွင်းယူခဲ့သည်။

(အမိအင်အေ၊ ဆင်ဟွာ)

အီတလီစီးရီးအေဘောလုံးပြိုင်ပွဲတွင် ပါးမားအသင်းမှ ဘာနာဘို (ရှေ့ဘက်သို့ထွက်နေသူ)နှင့် အက်စကိုလီအသင်းမှ မာစီမိုပါစီတို့ ဘောလုံးယုဉ်လုစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သတိပေးနှိုးဆော်ချက်

၁။ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင်ကာလများတွင် ခြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးခိုင်း)ပစ်ဖောက်ခြင်းဖြင့် ပြည်သူများ အထိတ်တလန့်ဖြစ်စေခြင်း၊ မသမာသူများမှ ရပ်ရွာ အေးချမ်းသာယာရေးနှင့် လုံခြုံရေးကို ထိခိုက်အောင် လုပ်လာနိုင်ခြင်းတို့ကြောင့် ခြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးခိုင်း)တို့ ပစ်ဖောက်ခြင်းကို တားမြစ်သည်။

၂။ ယင်းသို့တားမြစ်ထားသော်လည်း ယမန်နှစ်၂၀၀၄ခုနှစ်သီတင်းကျွတ်ကာလနှင့်တန်ဆောင်တိုင်ကာလများတွင် ခြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးခိုင်း)များအား-

(က) ထုတ်လုပ်ရောင်းချသဖြင့် အရေးယူမှု ၂၀၇ မှုတွင်တရားခံ ၂၁၀အား အနည်းဆုံးထောင်ဒဏ်နှစ်နှစ်မှအများဆုံးထောင်ဒဏ် သုံးနှစ်အထိ ချမှတ်အရေးယူခဲ့သည်။

(ခ) ဖောက်ခြင်း၊ ပစ်လွှတ်ခြင်းများ ပြုလုပ်သဖြင့် အရေးယူမှု ၁၀၇မှုတွင် တရားခံ ၁၆၀အား အနည်းဆုံး ထောင်ဒဏ် တစ်နှစ်မှ အများဆုံးထောင်ဒဏ်နှစ်နှစ်အထိ ချမှတ်အရေးယူခဲ့သည်။

၃။ သို့ဖြစ်ပါ၍ ယခုနှစ် ၂၀၀၅ ခုနှစ်၊ သီတင်းကျွတ်ကာလနှင့် တန်ဆောင်တိုင် ကာလများတွင် ခြောက်အိုး၊ မီးရှူးနှင့် ဒုံးများ (ရှူးခိုင်း)များအား ထုတ်လုပ်ရောင်းချခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ပါက ယခင်နှစ်များနည်းတူ အောက်ပါအတိုင်း အရေးယူသွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်-

(က) ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ပါက တည်ဆဲဥပဒေအရ အများဆုံးထောင်ဒဏ်အထိ ချမှတ်မည် ဖြစ်ပါသည်။

(ခ) ပစ်လွှတ်သည့်နေရာ အနီး၊ အဝေး၊ အိမ်ခိုနှင့် အဖြင့်တို့တွင် ပေါက်ကွဲစေတတ်သော ခြောက်အိုး၊ မီးရှူးနှင့်ဒုံးများ (ရှူးခိုင်း) ဖောက်လျှင် တည်ဆဲဥပဒေအရ အများဆုံး ထောင်ဒဏ်အထိ ချမှတ်မည်ဖြစ်ပါသည်။

(ဂ) သတင်းပေးသူကို ထိုက်တန်စွာ ဆုပေးမည်။

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကြည့်ရှုစစ်ဆေး

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ကမာရွတ်မြို့နယ်၊ အင်းစိန်လမ်းဖြတ် ကမာရွတ်ချောင်း တစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှိုက်၊ ရွံနှင့်နန်းများ ဆယ်ယူရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

၄-၁၀-၂၀၀၅

မချမ်းဘော	၂	**လက်မ**
ဟဲဟိုး	၁	**လက်မ**
ပင်လောင်း	၁	**လက်မ**
တောင်ကြီး	၀	**လက်မ**
ပျဉ်းမနား	၀	**လက်မ**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌအား မလေးရှားနိုင်ငံ IPPF မှ Regional Director လာရောက်တွေ့ဆုံ

ရန်ကုန် အောက်တိုဘာ ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းအား မလေးရှားနိုင်ငံ International Planned Parenthood Federation (IPPF) မှ Regional Director Ms. Raj Karim သည် ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သဲသုမာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ IPPF မှ Regional Director အား အသင်း၏ရည်ရွယ်ချက်၊ လှုပ်ရှားမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို တာဝန်ရှိသူများက ရှင်းလင်းပြောကြားကြသည်။

ထို့နောက် IPPF မှ Regional Director သည် ခန်းမအတွင်း ပြသထားသော အသင်း၏လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုသည်။

(သတင်းစဉ်)

လာရောက်တွေ့ဆုံ

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းအား မလေးရှား နိုင်ငံ International Planned Parenthood Federation (IPPF)မှ Regional Director, Ms.Raj Karim လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

The Yangon Times သတင်းဂျာနယ် စတင်မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၄

e-Empire Media Group က ထုတ်ဝေမည့် The Yangon Times သတင်းဂျာနယ် စတင်မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀နာရီခွဲတွင် ရန်ကုန်မြို့ အလံပြဘုရားလမ်း လပြည့်ဝန်းပလာဇာ ၁၀ထပ်ရှိ ဖူးလ်မွန်း ရက်စထောရင့်ခွဲကျင်းပရာ သတင်းနှင့်ပြန်ကြားရေးဆိုင်ရာပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ တာဝန်ရှိသူများ၊ ဝါရင့်သတင်းစာဆရာကြီးများ၊ စာရေးဆရာကြီးများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ၊ e-Empire Media Group အမှုဆောင်အရာရှိချုပ်နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ The Yangon Times သတင်းဂျာနယ်မှ ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ e-Empire Media Group အမှုဆောင်အရာရှိချုပ် ဦးကိုကို (စက်မူတက္ကသိုလ်)က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး The Yangon Times သတင်းဂျာနယ် ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာနယ်ဇင်းများမှ တာဝန်ရှိသူများက ကိုယ်စား Custom ဂျာနယ်မှ အယ်ဒီတာချုပ် ဒေါက်တာခင်မောင်ညိုက အမှတ်တရ ဂုဏ်ပြုစကားပြောကြားပြီး မိတ်ဆက်ပွဲ အခမ်းအနားကို ရပ်သိမ်းလိုက်သည်။

e-Empire Media Group က ထုတ်ဝေမည့် The Yangon Times သတင်းဂျာနယ် စတင်မိတ်ဆက်ခြင်း အခမ်းအနားတွင် e-Empire Media Group အမှုဆောင်အရာရှိချုပ် ဦးကိုကို(စက်မူတက္ကသိုလ်)က ဂျာနယ်ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ဓာတ်ပုံရိုက်ကူးခြင်းများ ထုတ်ပြန်

ရန်ကုန် အောက်တိုဘာ ၄

၂၀၀၆ခုနှစ် မတ် ၂၇ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်စိုးငင်မောင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၏ ကဗျာပြိုင်ပွဲကျင်းပရေး ဆပ်ကော်မတီက တပ်မတော်နေ့ အထိမ်းအမှတ် ကဗျာပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

ပြိုင်ပွဲဝင်ကဗျာများတွင် (၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ၊ တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်၊ တပ်မတော်အား (၁၀)ပါး၊ တပ်မတော်၏ စွမ်းရည်(၃)ရပ်၊ မြန်မာ့သမိုင်းဓလံဆက်ဆက်တွင် ရေးဖော်မြန်မာ့တပ်မတော်၊ မြန်မာ့လွတ်လပ်ရေးတပ်မတော်၊ မြန်မာ့ကာကွယ်ရေးတပ်မတော်၊ မြန်မာ့မျိုးချစ်တပ်မတော်၊ မြန်မာ့တပ်မတော်နှင့် လက်ရှိတပ်မတော် (ကြည်းရေ၊လေ)တို့၏ နိုင်ငံတော်ကာကွယ်ရေး၊ နယ်ချဲ့တွန်းလှန်ရေး၊ ဖက်ဆစ်တော်လှန်ရေး၊ သောင်းကျန်းမှုခိမ်နင်းရေး၊ သမိုင်းဝင် စွမ်းဆောင်မှုများ၊ ၁၄စစခုနှစ်နောက်ပိုင်း တပ်မတော်၏ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် နိုင်ငံတော်တည်ဆောက်ရေး စွမ်းဆောင်ကြိုးပမ်းမှုများ စသည့်အကြောင်းအရာများကို ရေးဖွဲ့ရန်ဖြစ်သည်။

ကဗျာပြိုင်ပွဲကို အဆင့်(၁)နှင့် အဆင့်(၂)ဟူ၍ ခွဲခြားကျင်းပသွားမည်ဖြစ်ပြီး အဆင့်တစ်ဆင့်စီတွင် ကဗျာရည်ပြိုင်ပွဲနှင့် ကဗျာတိုပြိုင်ပွဲ ဟူ၍ ပြိုင်ပွဲအမျိုးအစား နှစ်မျိုးပါဝင်မည်ဖြစ်သည်။

တပ်မတော်နေ့ကဗျာပြိုင်ပွဲ၊ အမျိုးသားဆောင်ပုဒ်များ ကဗျာပြိုင်ပွဲ၊ စာပေဗိမာန် စာမူဆုပြိုင်ပွဲ၊ ပခုက္ကူဦးဆုန်းဖေစာပေဆု ကဗျာပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ရရှိခဲ့သူများနှင့် အမျိုးသားစာပေဆုရရှိသူများအား အဆင့်(၁)ဟုလည်းကောင်း၊ အထက်ပါဆုများ မရရှိသေးသူများအား အဆင့်(၂)ဟုလည်းကောင်း သတ်မှတ်သည်။

ပြိုင်ပွဲဝင်တစ်ဦးသည် အကျဉ်းဝင်သည့် အဆင့်တစ်ဆင့်တွင်သာ ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲဝင်တစ်ဦးသည် မိမိယှဉ်ပြိုင်သည့်အဆင့်ရှိ ကဗျာရည်ပြိုင်ပွဲ၊ ကဗျာတိုပြိုင်ပွဲအမျိုးအစား နှစ်မျိုးစလုံးတွင်ပြိုင်ဖစ်စေ၊ ကြိုက်နှစ်သက်ရာတစ်မျိုးတွင်ဖြစ်စေ ပါဝင်ယှဉ်ပြိုင်နိုင်သည်။ သို့ရာတွင် အမျိုးအစားတစ်မျိုးတွင် ကဗျာတစ်ပုဒ်သာ ယှဉ်ပြိုင်ရမည်။

ကဗျာတိုတွင် ပါဒ ၁၀၀ မှ ၃၀၀ ထိ၊ ကဗျာရည်တွင် ပါဒ ၁၀၀၀မှ ၂၀၀၀ထိ ရေးစပ်နိုင်သည်။ ကဗျာတိုတွင် ပါဒအပိုအလို ၃၀ သာ ခွင့်ပြုမည်။ မြန်မာကဗျာစပ်ထုံး၊ ကဗျာစပ်နည်း မှန်ကန်ရမည်။ ကာရန်ဓဲ့ဓမော်ဒန်ကဗျာ လက်ဓဲ့သဲ့ စာမူကို စာမျက်နှာတစ်ဖက်တည်းတွင် သန့်ရှင်းသေသပ်စွာ ရေးသားပြီး မိတ္တူသုံးစောင် ပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်သူ၏ အမည်ရင်း၊ ကလောင်အမည်၊ မိဘအမည်၊ ပညာအရည်အချင်း၊ အလုပ်အကိုင်နှင့် နေရပ်လိပ်စာများနှင့် ကိုယ်တစ်ပိုင်းပုံ (၂လက်မ x ၂လက်မခွဲ)အရွယ် ရောင်စုံဓာတ်ပုံသုံးပုံ ပူးတွဲပေးပို့ရမည်။ ဆုရကဗျာများကို နိုင်ငံတော်က သုံးစွဲခွင့်ရှိသည်။ ပင်ကိုရေးကဗျာဖြစ်ကြောင်း၊ ပုံနှိပ်ဖော်ပြခြင်း မရှိခဲ့ဘူးကြောင်း၊ ဝန်ခံချက်ပါရှိရမည်။

ပြိုင်ပွဲဝင်ကဗျာစာမူများ နောက်ဆုံးထားပေးပို့ရမည့်ရက်မှာ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၃၁ရက်ဖြစ်ပြီး ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူမောင်နိုင်မိုး) စာတည်းမှူးချုပ် နိုင်ငံဂုဏ်ရည်စာပေတိုက် စာပေဗိမာန် ၅၂၉/၅၃၀ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂ထံသို့ လိပ်မူ၍ ပေးပို့ကြရန် ဖြစ်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာနိုင်

ရန်ကုန် အောက်တိုဘာ ၄

လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ ကယားပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့သည်။

ယနေ့နံနက် မြန်မာစံတော်ချိန် ဝ၆း၃၀နာရီအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအား နည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂါလီကမ်းခြေကို ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် မုတ်သုံလေအား နည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၅ရက်နေ့ ညနေအထိ ခန့်မှန်းချက်မှာ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး ကျန်နေသောများတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လွှင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှ အနောက်တောင်မုတ်သုံလေ ဆုတ်ခွာနိုင်သည်။

The Yangon Times သတင်းဂျာနယ်သည် ပြန်ကြားရေးဝန်ကြီးဌာနက ကိုယ်ပိုင်ဂျာနယ် ထုတ်ဝေခွင့်များ ထုတ်ပေးသည့် မူဝါဒသစ်အရ ထုတ်ဝေခွင့်ရရှိသော ပြည်တွင်းသတင်းဦးစီးဌာန ဂျာနယ်တစ်စောင်ဖြစ်ပြီး ပြည်တွင်းသတင်းများအပြင် ကျန်းမာရေး၊ စီးပွားရေးဆိုင်ရာ သတင်းနှင့် သတင်းဆောင်းပါးများ၊ ရန်ကုန်နှင့် နိုင်ငံတကာဖိုရမ်ကဏ္ဍ၊ ဂန္ထဝင်စာပေ ပြန်လည်ဆန်းသစ်ခြင်း၊ ရန်ကုန်စတိုင် ဖက်ရှင် စသည်ဖြင့် ကဏ္ဍများစွာ ဝေဝေဆာဆာ ထည့်သွင်းဖော်ပြသွားမည်။

ယင်းဂျာနယ်ကို မြန်မာနိုင်ငံ၏ ပထမဆုံးသော In-Flight ဂျာနယ် အဖြစ် မြန်မာ့လေကြောင်းနှင့် Air Bagan လေကြောင်းလိုင်းတို့၏ ပြည်တွင်းခရီးစဉ်များ အားလုံးတွင် ခရီးသည်များအတွက် အခမဲ့ဖြန့်ချိပေးမည် ဖြစ်သည်။

အပြိုပါ The Yangon Times သတင်းဂျာနယ်ကို အောက်တိုဘာ ၅ရက်တွင် စတင်ထုတ်ဝေမည်ဖြစ်ပြီး အပတ်စဉ် ကြာသပတေးနေ့တိုင်း ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သုခမိန်လမ်း အမှတ်(၁၂) (ဒုတိယထပ်)ရှိ e-Empire Media Group ဖုန်း-၅၀၀၇၂၁ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိမည်ဖြစ်သည်။ (သတင်းစဉ်)

အောက်တိုဘာ ၂ ရက်က ရန်ကုန်တိုင်း ကာယဗလနှင့် ကာယအလှဆင်ကော်မတီနှင့် LOLANEအလှကုန်ပစ္စည်းလုပ်ငန်းတို့ ပူးပေါင်းကျင်းပသည့် ကာယဗလမောင်ရွေးပွဲ၊ မိုးကေဒီနှင့် LOLANE ကာယအလှမယ်ပြိုင်ပွဲတွင် ဆုတံဆိပ်ရရှိခဲ့ဆွတ်ခူးရရှိသွားသည့် မောင်မြန်မာမြဦးမောင် ဦးစီးသော Prizeကာယလှကျင့်ရေးစင်တာမှ ကာယအလှမယ်များအား တွေ့ရစဉ်။(အား/ကာ)

ဒုတိယပိုလ်ချုပ်မှူးကြီးမောင်အေး မိုးကုတ်မြို့၌ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများအား တွေ့ဆုံနှုတ်ဆက် မိုးကုတ်ဒေသပို့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို တာဝန်ရှိသူများအားမှာကြား

☆ ရွှေဖုံမှ

ဒုတိယ ဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့် အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများသည် မိုးကုတ်မြို့မဏ္ဍိရတနာဘုရားသို့ ကြိုတင်သွားရောက်၍ မိုးကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ကျောက်မျက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲ တွင် ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ကမိုးကုတ်မြို့နယ်၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သုန်းမြင့်က

စာမျက်နှာ ၉ ကော်လံ ၁ သို့ ☆

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး မိုးကုတ်မြို့ မဏ္ဍိရတနာဘုရားတွင် လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်ရွေဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ ကျရာကလွှက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် အောက်တိုဘာ ၄

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း အဆင့်မြင့်စည်းရုံးရေးသင်တန်း အမှတ်စဉ်(၇/၂၀၀၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်ရှိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ လေ့ကျင့်ရေးသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်ရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုစည်ရုံးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ စစ်မှုထမ်းဟောင်း အဆင့်မြင့် စည်ရုံးရေးသင်တန်း အမှတ်စဉ်(၇/၂၀၀၅) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဆောင်းပါး အညွှန်း

မြန်မာနိုင်ငံဟာ အာဆီယံအဖွဲ့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေရုံမက အိမ်နီးချင်းနိုင်ငံများ၊ ဒေသအတွင်းနိုင်ငံများ၊ အာရှနိုင်ငံများ၊ နိုင်ငံတကာမှ သမာသမတ်နိုင်ငံများနဲ့ပါ အပြုသဘော ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေတဲ့ နိုင်ငံလည်းဖြစ်ပါတယ်။

အောင်မိုးစံ၏ **"မြန်မာအရေးအပေါ် ပုံကြီးချဲ့ပြီး အမြတ်မထုတ်သင့်"** ဆောင်းပါး (စာမျက်နှာ–၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* နိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ဆော်မိဖွဲ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဓာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြွယ်ဝရေးနှင့် ပညာရည်မြင့်မားရေး